**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အစီရင်ခံစာအားစိစစ်သုံးသပ်ရာတွင် တိုက်ဆိုင်စစ်ဆေးရမည့် အချက်အလက်အသေးစိတ်စာရင်း (Checklist) (IEE** သို့မဟုတ် **EIA** ဆောင်ရွက်ရမည့်အရွယ်အစားရှိသော အလတ်စားနှင့် အကြီးစား စီမံကိန်းများဖြစ်သော်လည်း **EMP** တင်ပြရန်သဘောထားပြန်ကြားမှုအရတင်ပြလာသည့် **EMP Report** များစိစစ်ရာတွင် အသုံးပြုရန်)

စီမံကိန်းအဆိုပြုသူများမှ တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာအား စိစစ်သုံးသပ်ရာတွင် ကောင်းစွာအထောက်အပံ့ဖြစ်စေရေးကိုဦးတည်၍ ဤတိုက်ဆိုင်စစ်ဆေးရမည့်အချက်အလက်များကို ပြုစုပါသည်။ ဤတိုက်ဆိုင်စစ်ဆေးရမည့် အချက်အလက်များမှာ စီမံကိန်းအဆိုပြုလွှာ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း၊ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာများ အား စိစစ်သုံးသပ်ရာတွင် တိုက်ဆိုင်စစ်ဆေးရမည့်အချက်အလက်အတွဲများအနက် အတွဲတစ်ခုဖြစ်ပါသည်။

ယခုတိုက်ဆိုင်စစ်ဆေးရမည့်အချက်အလက်များ၌ “**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာ စိစစ်သုံးသပ်ရာတွင် တိုက်ဆိုင်စစ်ဆေးရမည့်အချက်အလက်များ (Review Checklists)**” နှင့် “**အထောက်အကူပြုစာရွက်စာတမ်းများ (Supplementary Document)**” ဟူ၍ နှစ်ပိုင်းပါရှိပါသည်။ စိစစ်သုံးသပ်သူမှ စိစစ်သုံးသပ်ရာတွင် ပထမအပိုင်းအား အသုံးပြုရန်ဖြစ်ပြီး အစီရင်ခံစာအားစိစစ်စဉ် လိုအပ်မည့်လမ်းညွှန်ချက်နှင့် ရှင်းလင်းချက်များအတွက် ဒုတိယအပိုင်းအား အသုံးပြုရန်ဖြစ်ပါသည်။ အဆိုပါနှစ်ပိုင်းအား Hyperlink ဖြင့်ချိတ်ဆက်ထားပြီး စိစစ်သုံးသပ်သူမှ ပထမအပိုင်း တိုက်ဆိုင်စစ်ဆေးရမည့်အချက်အလက်များရှိ “Hint” အားနှိပ်ပါက ဒုတိယအပိုင်း အထောက်အကူပြုစာရွက်စာတမ်း များရှိ ယင်းနှင့်သက်ဆိုင်သည့်လမ်းညွှန်ချက်နှင့် ရှင်းလင်းချက်များအား ကွန်ပြူတာမှအလိုအလျောက် ဖွင့်ပေးမည် ဖြစ်ပါသည်။

စိစစ်သုံးသပ်ရမည့်အချက်၏ အရေးကြီးမှုအပေါ်မူတည်၍ အသုံးချနိုင်မှု (**Applicability**) တွင် “Essential”၊ “Dependent” နှင့် “**Optional**” ဟု (၃) ဆင့်ထပ်မံကွဲပြားမည်ဖြစ်ပါသည်။ “Essential” အဆင့်စိစစ်သုံးသပ်ရမည့် အချက်များမှာ စိစစ်သုံးသပ်ရန်အမြဲလိုအပ်မည်ဖြစ်ပြီး၊ “Dependent” အဆင့်မှာ အဆိုပြုစီမံကိန်း၏ သဘောသဘာဝ၊ အခြေအနေနှင့် စီမံကိန်းနှင့်သက်ဆိုင်မှု ရှိ မရှိ အပေါ်မူတည်သုံးသပ်ရမည်ဖြစ်ကာ၊ စီမံကိန်းနှင့်ပတ်သက်၍ အဓိက မကျသော သို့မဟုတ် မြင့်မားသည့်နည်းပညာ၊ အယူအဆများလိုအပ်၍ စီမံကိန်းကလိုက်နာဆောင်ရွက်ရန် အခက်အခဲ အတားအဆီးရှိခြင်းများအတွက် “**Optional**” အဆင့်တွင် ထည့်သွင်းစဉ်းစားရန်ဖြစ်ပါသည်။

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 0. | **EMP အစီရင်ခံစာ ဖွဲ့စည်းပုံ** စာဖတ်သူသိလိုသည့်အချက်အလက်များအား EMP အစီရင်ခံစာတွင် လွယ်လင့်တကူရှာဖွေနိုင်အောင် အစီရင်ခံစာအား ပြင်ဆင်ထားခြင်း ရှိမရှိ စစ်ဆေးခြင်း | | | | |
| 0.1. | အစီရင်ခံစာတင်ပြသည့်ပုံစံ | | | | |
| 0.1.1. | အစီရင်ခံစာကို စာဖတ်သူများ အလွယ်တကူ ဖတ်ရှုနားလည်နိုင်သည့် ပုံစံဖြင့် ယုတ္တိကျစွာ ဖွဲ့စည်းထားပါသလား။ | Essential | | | |
| 0.1.2. | စာဖတ်သူများ ရှာဖွေဖတ်ရှုလိုသည့် အကြောင်းအရာကို လွယ်ကူစွာ ရှာဖွေနိုင်ရေး မာတိကာဖော်ပြထားပါသလား။ | Essential | | | |
| 0.1.3. | အစီရင်ခံစာတွင်အသုံးပြုထားသည့် အတိုကောက်စာလုံးများ၏ မူရင်းစကားလုံးများကို ရှင်းလင်းဖော်ပြထားပါသလား။ | Essential | | | |
| 0.1.4. | အစီရင်ခံစာတွင် နည်းပညာပိုင်းဆိုင်ရာ/ ဘာသာရပ်ဆိုင်ရာ အသုံးအနှုန်းများနှင့် ဝေါဟာရများကို ရှင်းလင်းစွာအဓိပ္ပါယ်ဖွင့်ဆို ရှင်းပြထားပါသလား။ | Dependent | | | Hint |
| 0.1.5. | အစီရင်ခံစာ၏ စာမျက်နှာတိုင်းတွင် စာမျက်နှာနံပါတ်ကို ဖော်ပြထားပါသလား။ | Essential | | | |
| 0.1.6. | အစီရင်ခံစာတွင် ဖော်ပြထားသည့် အချက်အလက်ရင်းမြစ်များ၏ ရည်ညွှန်းကိုးကားချက်များကို ပူးတွဲဖော်ပြထားပါသလား။ | Dependent | | | Hint |
| 0.1.7. | သက်ဆိုင်ရာစာရွက်စာတမ်းစာရင်း (ဥပမာ - အစီရင်ခံစာအတွဲများ၊ နောက်ဆက်တွဲများ၊ အထူးလေ့လာထားမှုများ) နှင့် အဆိုပါစာရွက်စာတမ်းများ၏ တစ်ခုနှင့်တစ်ခုဆက်စပ်ပုံကို ရှင်းလင်းဖော်ပြထားပါသလား။ | Dependent | | | Hint |
| 0.2. | ဘာသာစကားနှင့် ဖော်ပြချက် | | | | |
| 0.2.1. | အစီရင်ခံစာတွင် ရေးသားဖော်ပြချက်များသည် မှန်ကန်သည့် နည်းပညာနှင့် ဘာသာရပ်ဆိုင်ရာအသုံးအနှုန်းများ သုံးစွဲထားပါသလား။ | Essential | | | |
| 0.2.2. | အစီရင်ခံစာတွင် လုပ်ငန်းကဏ္ဍအလိုက်သုံးနှုန်းရမည့် နည်းပညာဆိုင်ရာ သို့မဟုတ် ဘာသာရပ်ဆိုင်ရာအသုံးအနှုန်းများကို ဖော်ပြထားပါက ယင်းတို့အတွက် အကျဉ်းချုပ်ရှင်းလင်းထားပါသလား။ ၎င်းတို့အား လက်ခံနိုင်သည့်ရင်းမြစ်များမှ ကိုးကားဖော်ပြထားပါသလား။ | Dependent | | | Hint |
| 0.2.3. | **မြန်မာဘာသာဖြင့် ရှင်းလင်းလွယ်ကူစွာရေးသားထားသည့်အနှစ်ချုပ်** ရှင်းလင်းလွယ်ကူစွာရေးသားထားသည့် အနှစ်ချုပ်အား သာမန်ပြည်သူများနားလည်နိုင်မည့် ရိုးရှင်းသော မြန်မာဘာသာစကားဖြင့် ရေးသားထားပါသလား။ | Essential | | | |
| | **အပိုင်း(၀) အတွက် ခြုံငုံသုံးသပ်ချက်** | | | | |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 1. | **"အကျဉ်းချုပ်အစီရင်ခံစာ၏ပြည့်စုံလုံလောက်မှုနှင့် ကိုးစားနိုင်မှု"** အခန်း သို့မဟုတ် ၎င်းတို့နှင့်သက်ဆိုင်သော မည်သည့်အပိုင်းတွင်မဆို အောက်ပါအကြောင်းအရာများ ပါဝင်ခြင်း ရှိ မရှိ စိစစ်သုံးသပ်ရမည်။ | | | | |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 1.1. | **EMP အစီရင်ခံစာရေးသားတင်ပြရခြင်း၏ ရည်ရွယ်ချက်** EMP အစီရင်ခံစာပြုစုတင်ပြရခြင်း ရည်ရွယ်ချက်နှင့် အတိုင်းအတာကို ဖော်ပြထားပါသလား။ | Essential | | | |
| 1.2. | **စီမံကိန်းဆိုင်ရာ ယခင်ဆောင်ရွက်ခဲ့သည့် လေ့လာမှုများအကျဉ်းချုပ်** EMP လေ့လာမှုဆောင်ရွက်စဉ်အတွင်း လေ့လာဆန်းစစ်ခြင်း လုပ်ငန်းစဉ်အဆင့်အလိုက် ဆောင်ရွက်ချက်များအားလုံးကို အကျဉ်းချုပ်ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 1.3. | **နောက်ခံအကြောင်းအရာ** အဆိုပြုစီမံကိန်းနှင့် EMP လေ့လာမှုတို့နှင့်ပတ်သက်သည့် နောက်ခံအကြောင်းအရာနှင့် သမိုင်းကြောင်းအကျဉ်းချုပ်ကို ဖော်ပြထားပါသလား။ | Essential | | | |
| 1.4. | **စီမံကိန်းအကြောင်းအရာ** စီမံကိန်းအကြောင်းအရာအကျဉ်းချုပ်အား ဖော်ပြထားပါသလား။ (ဥပမာ - ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ စီမံကိန်း၏ အဓိကအစိတ်အပိုင်းများ၊ စီမံကိန်း၏လက်ရှိအခြေအနေ၊ စီမံကိန်းအဆင့်အလိုက် အကောင်အထည်ဖော်မည့်အချိန်ဇယားများ စသည်ဖြင့်) | Essential | | | |
| 1.5. | **အနီးပတ်ဝန်းကျင်အကြောင်းအရာများ ဖော်ပြချက်** စီမံကိန်းကြောင့် ထိခိုက်ခံရနိုင်သည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ နောက်ခံအခြေအနေများကို အတိုချုပ်၍ ဖော်ပြထားပါသလား။ | Essential | | | |
| 1.6. | **ပတ်ဝန်းကျင်နှင့် လူမှုစီးပွားအပေါ် အဓိကသက်ရောက်မှုများနှင့် လျော့ပါးစေရေးနည်းလမ်းများအကျဉ်းချုပ်** စီမံကိန်းအကောင်အထည်ဖော်မှုအဆင့်အားလုံးတွင် ဖြစ်ပေါ်နိုင်သည့် သိသာထင်ရှားသော ပတ်ဝန်းကျင်နှင့် လူမှုစီးပွားအပေါ် ထိခိုက်မှုတစ်ခုချင်းနှင့် ရွေးချယ်ထားသည့် အခြားဆောင်ရွက်မည့်နည်းလမ်းအတွက် ဘေးအန္တရာယ်ရှိမှုကို အတိုချုပ်ဖော်ပြထားပါသလား။ (ဥပမာ - ထိခိုက်မှုများနှင့် ဘေးအန္တရာယ်များ၏အရေးပါမှုနှင့် သက်ရောက်နိုင်သည့်နယ်ပယ်နှင့်ပတ်သက်၍ လုံလောက်သည့် အသေးစိတ်အချက်အလက်များ၊ အဓိကသက်ရောက်မှုများ၊ ၎င်းတို့၏ဆိုးကျိုးသက်ရောက်နိုင်မှုပမာဏနှင့် သက်ဆိုင်ရာလျော့ပါးစေရေး ဆောင်ရွက်မည့်နည်းလမ်းများကို အကျဉ်းချုပ်ဇယားဖြင့်ဖော်ပြခြင်း) | Essential | | | |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 1.7. | **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်**<br>EMP အခန်းအကျဉ်းချုပ်တွင် အောက်ပါအချက်များကို ဖော်ပြထားပါသလား။<br>- ဥပဒေဆိုင်ရာလိုအပ်ချက်များနှင့် စီမံကိန်းပိုင်ရှင်က လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ကတိကဝတ်ပြုဖော်ပြချက်များ၊<br>- သတ်မှတ်ဖော်ထုတ်ထားသည့် ထိခိုက်မှုများအား စီမံခန့်ခွဲနိုင်ရေး ချဉ်းကပ်မည့်နည်းလမ်း၊<br>- စီမံကိန်းအဆင့်တစ်ခုချင်းစီအတွက် စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်ကို စီမံကိန်းအဆိုပြုသူကိုယ်တိုင်နှင့် ပြင်ပမှ အကောင်အထည်ဖော်မည့် အဖွဲ့အစည်းတို့၏ အကောင်အထည်ဖော်မည့် အချိန်ဇယားများပါဝင်သည့် အကျဉ်းချုပ်ဇယား၊<br>- ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းဆိုင်ရာမူဘောင်နှင့် ရန်ပုံငွေ လိုအပ်ချက် | Essential | | | |
| 1.8. | **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း**<br>ဆက်စပ်ပတ်သက်သူများနှင့်တွေ့ဆုံဆွေးနွေးပွဲများမှ ထွက်ပေါ်လာသည့်ရလဒ်များ၊ အဆိုပါဆွေးနွေးပွဲများမှ ထွက်ပေါ်လာသည့် သုံးသပ်ချက်များနှင့် ဆွေးနွေးအကြံပြုချက်များကို အစီရင်ခံစာတွင် မည်သို့ထည့်သွင်းစဉ်းစားထားကြောင်း အကျဉ်းချုပ် (ဥပမာ - ဇယားပုံစံဖြင့်) ဖော်ပြထားပါသလား။ | Essential | | | |
| 1.9. | **နိဂုံးချုပ်နှင့် အကြံပြုချက်**<br>အကျဉ်းချုပ်အစီရင်ခံစာတွင် EMP အစီရင်ခံစာ၏ နိဂုံးချုပ်နှင့် အကြံပြုချက်ကို ဖော်ပြထားပါသလား။ | Essential | | | |
| | **အပိုင်း(၁) အတွက် ခြုံငုံသုံးသပ်ချက်** | | | | |

| | | | | | |
|---|---|---|---|---|---|
| 2. | **“မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်”** အခန်း သို့မဟုတ် ၎င်းတို့နှင့်သက်ဆိုင်သော မည်သည့်အပိုင်းတွင်မဆို အောက်ပါ အကြောင်းအရာများ ပါဝင်ခြင်း ရှိ မရှိ စိစစ်သုံးသပ်ရမည်- | | | | |
| 2.1. | **မူဝါဒနှင့် ဥပဒေဆိုင်ရာကိစ္စရပ်များ** | | | | |
| 1) | စီမံကိန်းနှင့်ဆက်စပ်မှုရှိသည့် လက်ရှိမြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်များကို အကျဉ်းချုပ်ဖော်ပြထားပါသလား။ | Essential | | | |
| 2) | စီမံကိန်းနှင့်ဆက်စပ်မှုရှိသည့် မြန်မာနိုင်ငံမှ သဘောတူလက်မှတ်ရေးထိုးထားသော နိုင်ငံတကာနှင့် ဒေသတွင်းကွန်ဗင်းရှင်းများနှင့် စာချုပ်များကို အကျဉ်းချုပ်ဖော်ပြထားပါသလား။ | Essential | | | |
| 3) | စီမံကိန်းကို ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ကဲ့သို့ အပြည်ပြည်ဆိုင်ရာငွေကြေးအဖွဲ့အစည်းများမှ ထောက်ပံ့ပေးခြင်းဖြစ်ပါက အဆိုပါ အဖွဲ့အစည်းများ၏ ပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေး မူဝါဒများ၊ စည်းမျဉ်းစည်းကမ်း၊ လမ်းညွှန်ချက်များနှင့် စံချိန်စံညွှန်းများကို စီမံကိန်းမှလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း အကျဉ်းချုပ်ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 4) | စီမံကိန်းအဆိုပြုသူနှင့် မြန်မာနိုင်ငံတော်အစိုးရအကြား ဆွေးနွေးသဘောတူထားသည့် နားလည်မှုစာချွန်လွှာနှင့် လုပ်ကိုင်ဆောင်ရွက်ခွင့်သဘောတူညီချက်များကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 5) | ကုမ္ပဏီ၏ စီမံကိန်းဆိုင်ရာမူဝါဒများရှိပါက ဖော်ပြထားပါသလား။ | Optional | | | Hint |
| 6) | **အတည်ပြုဝန်ခံချက်**<br>အစီရင်ခံစာတွင်ဖော်ပြထားသည့် ဆိုးကျိုးသက်ရောက်မှုများအတွက် လျှော့ချမည့်နည်းလမ်းများကို အမှန်တကယ်ဆောင်ရွက်မည်ဖြစ်ကြောင်း စီမံကိန်းအဆိုပြုသူ၏ အတည်ပြုဝန်ခံချက်အား ဖော်ပြထားပါသလား။ | Essential | | | |
| 7) | စီမံကိန်းနှင့်သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများအား စီမံကိန်းအကောင်အထည်ဖော်ရာတွင် အပြည့်အဝလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း စီမံကိန်းအဆိုပြုသူ၏ အတည်ပြုဝန်ခံချက်ကို ဖော်ပြထားပါသလား။ | Essential | | | |
| 8) | သတင်းအချက်အလက်များရယူခြင်း၊ အစီရင်ခံစာပြင်ဆင်တင်ပြခြင်း၊ အစီရင်ခံစာ၏ ပြည့်စုံလုံလောက်မှုနှင့် တော်တည့်မှန်ကန်မှုများနှင့် စပ်လျဉ်း၍ EMP လေ့လာမှု၏အရည်အသွေးကို ကောင်းစွာထိန်းချုပ်ထားကြောင်း အကြံပေးပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ အတည်ပြုဝန်ခံချက်ကို ဖော်ပြထားပါသလား။ | Essential | | | |
| 9) | စီမံကိန်းကလိုက်နာဆောင်ရွက်မည့် အတည်ပြုဝန်ခံချက်များကို စာရင်းပြုစုဖော်ပြထားပါသလား။ | Essential | | | |
| 2.2. | အဖွဲ့အစည်းဆိုင်ရာ စီစဉ်ဆောင်ရွက်ထားမှု | | | | |
| 2.2.1. | လျှော့ချမည့်နည်းလမ်း၊ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမည့် အစီအမံများ၊ အကြံဉာဏ်များရယူခြင်း၊ မကျေနပ်ချက်တိုင်ကြားခြင်းနှင့် လိုက်နာဆောင်ရွက်မှုကို ကြီးကြပ်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ရေး တာဝန်ယူမည့်အဖွဲ့အစည်းကို ဖော်ပြထားပါသလား။ | Essential | | | |
| 2.2.2. | ခန့်ထားမည့်ဝန်ထမ်းအင်အားလိုအပ်ချက်နှင့် ယင်းတို့တာဝန်ယူ ဆောင်ရွက်မည့်အပိုင်းများကို ဖော်ပြထားပါသလား။ | Essential | | | |

| | | | | | |
|---|---|---|---|---|---|
| 2.2.3. | အလုပ်သမားများအတွက် လေ့ကျင့်သင်ကြားပေးရေးအစီအစဉ်များကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 2.2.4. | တာဝန်ယူမှုနှင့် အစီရင်ခံခြင်းများအပါအဝင် ECC နှင့် EMP အား အကောင်အထည်ဖော်နိုင်ရေး စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကြီးကြပ်ခြင်း လုပ်ငန်းကို ဖော်ပြထားပါသလား။ | Essential | | | |
| 2.2.5. | EMP အားအကောင်အထည်ဖော်မည့် အဖွဲ့အစည်းကို အောက်ပါအချက်များနှင့်အညီ ဖော်ပြထားပါသလား-<br>- အဓိကအခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များကိုဖော်ပြထားသည့် စီမံကိန်းအဆိုပြုသူ၏ ဖွဲ့စည်းပုံပြဇယား၊<br>- စီမံကိန်းကန်ထရိုက်တာနှင့် အုပ်ချုပ်မှုဘုတ်အဖွဲ့တို့၏ ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ ဖွဲ့စည်းဆောင်ရွက်မှု၊ အခန်းကဏ္ဍနှင့် ဝန်ထမ်းခန့်ထားမှု၊<br>- ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်စီမံအုပ်ချုပ်မှုဆိုင်ရာ ကန်ထရိုက်တာ၏ အခန်းကဏ္ဍနှင့် တာဝန်ရှိမှု။ | Essential | | | |
| 2.2.6. | EMP တွင်ဖော်ပြထားသည့်အဆိုပြုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ချောမွေ့စေရေး စီမံကိန်းအဆိုပြုသူ၏ အဖွဲ့အစည်းအတွင်းနှင့် စီမံကိန်းပြင်ပအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရေးယန္တရား | Essential | | | |
| 2.2.7. | စီမံကိန်းအဆိုပြုသူမှ ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမည့်စနစ်ကို ထည့်သွင်းစဉ်းစားထားပါသလား။ | Dependent | | | Hint |
| 2.2.8. | EMP အား ကောင်းစွာအကောင်အထည်ဖော်နိုင်ရေး စီမံကိန်း၏ပတ်ဝန်းကျင်ဆိုင်ရာဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် လေ့ကျင့်သင်ကြားရေးအစီအစဉ်များ ချမှတ်ထားပါသလား။ | Dependent | | | Hint |
| | **အပိုင်း(၂) အတွက် ခြုံငုံသုံးသပ်ချက်** | | | | |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 3. | **စီမံကိန်းအကြောင်းအရာဖော်ပြချက်**<br>စီမံကိန်းအကြောင်းအရာဖော်ပြချက်အခန်းတွင် အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ ပိတ်သိမ်းပြီးနောက်အဆင့်များအတွက် စီမံကိန်းကဆောင်ရွက်မည့်လုပ်ငန်းများအားလုံးကို ဖော်ပြရမည်။ | | | | |
| 3.1. | **စီမံကိန်းနှင့် အဓိကဆက်စပ်ပတ်သက်သူများအကြောင်း ရှင်းလင်းတင်ပြချက်** | | | | |
| 3.1.1. | စီမံကိန်း၏ အမျိုးအစားနှင့် အရွယ်အစားကို ဖော်ပြထားပါသလား။ | Essential | | | |
| 3.1.2. | စီမံကိန်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်၊ ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် ထုတ်လုပ်မှုပမာဏကို ဖော်ပြထားပါသလား။ | Essential | | | |
| 3.1.3. | စီမံကိန်းတည်နေရာနှင့် စီမံကိန်းတွင်ပါဝင်သည့် အဓိကအစိတ်အပိုင်းများပြသည့်မြေပုံကို ဖော်ပြထားပါသလား။ | Essential | | | |
| 3.1.4. | ကွင်းတာဝန်ခံ (မန်နေဂျာ) အပါအဝင် စီမံကိန်းအဆိုပြုသူနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို ဖော်ပြထားပါသလား။ (ဥပမာ - အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ဖက်စ်နံပါတ်၊ အီးမေးလ်နှင့် ဝက်ဘ်ဆိုက်လိပ်စာနှင့် တာဝန်ခံပုဂ္ဂိုလ် စသည်ဖြင့်) | Essential | | | |
| 3.1.5. | EMP လေ့လာမှုပြုလုပ်ခဲ့သည့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအကြောင်း ရှင်းလင်းတင်ပြထားပါသလား။ | Essential | | | |
| 3.1.6. | EMP လေ့လာမှုတွင်ပူးပေါင်းပါဝင်ခဲ့သည့် ကျန်းမာရေးအပေါ်ထိခိုက်စေနိုင်သည့်စီမံကိန်းလုပ်ငန်းများအတွက် ကျန်းမာရေးကျွမ်းကျင်သူများ၏ တင်ပြချက်ကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 3.2. | **စီမံကိန်းအကြောင်းအရာဖော်ပြချက်** | | | | |
| 3.2.1. | ယေဘုယျအားဖြင့် EMP တွင် အောက်ပါစီမံကိန်းအကြောင်းအရာဖော်ပြချက်များ ဖော်ပြထားပါသလား-<br>- EMP ၏နယ်ပယ်အတိုင်းအတာ၊<br>- EMP တွင် ဆောင်ရွက်မည့်စီမံကိန်းအဆင့်အလိုက် ဖော်ပြရမည့်အချက်အလက်များကို ကျစ်လျစ်စွာဖော်ပြထားခြင်း၊<br>- ၁:၂၅၀,၀၀၀ စကေး သို့မဟုတ် သင့်တော်သည့်စကေးဖြင့်ဖော်ပြထားသော လွှမ်းခြုံမြေပုံ။ | Essential | | | |
| 3.2.2. | **စီမံကိန်းအကြောင်းအရာ ယေဘုယျဖော်ပြချက်**<br>စီမံကိန်းအကြောင်းအရာနှင့်ပတ်သက်၍ အောက်ပါအချက်များကို ဖော်ပြထားပါသလား- | | | | |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 1) | စီမံကိန်းတည်နေရာ | Essential | | | |
| 2) | စီမံကိန်းမြေဧရိယာအကျယ်အဝန်း | Essential | | | |
| 3) | စီမံကိန်းအဆင့်အားလုံးကိုဖော်ပြထားသည့် အကောင်အထည်ဖော်မည့် အချိန်ဇယား | Essential | | | |
| 4) | တည်ဆောက်မည့်အဆောက်အဦအရေအတွက် | Dependent | | | Hint |
| 5) | စီမံကိန်းကအသုံးပြုမည့် ဓါတုပစ္စည်းအပါအဝင် ကုန်ကြမ်းပစ္စည်းများ | Dependent | | | Hint |
| 6) | စီမံကိန်းအဆင့်အလိုက် ဆောင်ရွက်မည့်လုပ်ငန်းများ | Essential | | | |
| 7) | စီမံကိန်းအဆင့်အလိုက်အသုံးပြုမည့် ယာဉ်/ ယန္တရားများ | Essential | | | |
| 8) | စီမံကိန်းအဆင့်အလိုက်အသုံးပြုမည့် လုပ်သားအင်အား | Essential | | | |
| 9) | တစ်ရက်အလုပ်လုပ်ချိန် | Dependent | | | |
| 10) | ကုန်ပစ္စည်းအမျိုးအမည်နှင့် ထုတ်လုပ်မည့်နှုန်း | Dependent | | | |
| 11) | ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို သွင်းအားစု (ဥပမာ - ကုန်ကြမ်းပစ္စည်း၊ လေ၊ ရေ)နှင့် ထွက်ရှိမှု (ကုန်ပစ္စည်း၊ ဘေးထွက်ပစ္စည်း၊ အညစ်အကြေး၊ ထုတ်လွှတ်မှု) အလိုက်ဖော်ပြထားသည့် လုပ်ငန်းစဉ်ပြကားချပ် | Dependent | | | |
| 12) | နှစ်စဉ်အသုံးပြုမည့်ရေပမာဏနှင့် အဓိကရေအရင်းအမြစ် | Dependent | | | |
| 13) | နှစ်စဉ်လောင်စာဆီအသုံးပြုမှုပမာဏ | Essential | | | |
| 14) | စီမံကိန်းလုပ်ငန်းများမှ စွန့်ထုတ်မည့် အညစ်အကြေး (အစိုင်အခဲ၊ အရည်၊ အငွေ့) များ၏ အမျိုးအစားနှင့် ပမာဏ | Essential | | | |
| 3.2.3. | **တည်ဆောက်ရေးကာလ စီမံကိန်းလုပ်ငန်းများ**<br>- အကြိုတည်ဆောက်ရေးနှင့် အဓိကတည်ဆောက်ရေးလုပ်ငန်းများအား ခြုံငုံဖော်ပြသည့် တည်ဆောက်ရေးအဆင့်လုပ်ငန်းဆောင်ရွက်မှုများ၊<br>- တည်ဆောက်ရေးကာလတွင် ထိခိုက်ခံစားရနိုင်သည့် နေရာများအတွက် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အား လွှမ်းခြုံဖော်ပြသည့် ၁:၁၀၀,၀၀၀ စကေးရှိမြေပုံ၊<br>- စီမံကိန်းတွင်ပါဝင်သည့်ကဏ္ဍအလိုက်နှင့် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်များအလိုက် ဖော်ပြထားသည့် ၁:၂၀,၀၀၀ စကေးရှိ စီမံကိန်းလုပ်ငန်းခွင်နေရာချထားမှုပုံစံပြမြေပုံ။ | Dependent | | | Hint |
| 3.2.4. | **လုပ်ငန်းလည်ပတ်ဆောင်ရွက်ရေးနှင့် နောက်ကာလများအတွက် စီမံကိန်းလုပ်ငန်းများ**<br>- အပ်စပ်ပါက လုပ်ငန်းရပ်ဆဲခြင်းကာလအပါအဝင် လုပ်ငန်းလည်ပတ်ရေးကာလဆောင်ရွက်မှုများ၊<br>- အသုံးပြုမည့်ကုန်ကြမ်းပစ္စည်းနှင့် အခြားသယံဇာတအသုံးပြုမှုအကျဉ်းချုပ်၊<br>- လုပ်ငန်းလည်ပတ်ရေးကာလတွင် ထိခိုက်ခံစားရနိုင်သည့် နေရာများအတွက် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အား လွှမ်းခြုံဖော်ပြသည့် ၁:၁၀၀,၀၀၀ စကေးရှိမြေပုံ၊<br>- ၁:၂၀,၀၀၀ စကေးရှိ စီမံကိန်း လုပ်ငန်းခွင်နေရာချထားမှုပုံစံပြမြေပုံ၊<br>- စီမံကိန်းလုပ်ငန်းလည်ပတ်မှုကိုဖော်ပြသည့် လွှမ်းခြုံဇယား။ | Essential | | | |
| 3.2.5. | ထုတ်လုပ်မှုလုပ်ငန်းစဉ်ပါဝင်သည့် သတ္တုတူးဖော်ခြင်းလုပ်ငန်း၊ ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းနှင့် အခြားအလားတူလုပ်ငန်းအမျိုးအစားများအတွက် လုပ်ငန်းလည်ပတ်ရေးကာလအတွက် အောက်ပါအချက်များကို | Dependent | | | Hint |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| | ဖော်ပြထားပါသလား-<br>- ထုတ်လုပ်မှုအကြောင်းဖော်ပြချက်၊<br>- အဓိကထုတ်လုပ်မှုလုပ်ငန်းစဉ်များအတွက် အချိန်နှင့် ကြာမည့်ကာလ။ | | | | |
| | **အပိုင်း(၃) အတွက် ခြုံငုံသုံးသပ်ချက်** | | | | |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 4. | **“အနီးပတ်ဝန်းကျင် အကြောင်းအရာများဖော်ပြချက်”** အခန်း သို့မဟုတ် ၎င်းနှင့်သက်ဆိုင်သော မည်သည့်အပိုင်းတွင်မဆို အောက်ပါ အကြောင်းအရာများပါဝင်ခြင်း ရှိ မရှိ စိစစ်သုံးသပ်ရမည်- | | | | |
| 4.1. | သရုပ်ခွဲဆန်းစစ်ခြင်း၊ ကောက်ယူခဲ့သည့်အချက်အလက်များနှင့် အသုံးပြုသည့်နည်းလမ်းများ၏ ကိုယ်စားပြုမှုဆိုင်ရာဖော်ပြချက် | | | | |
| 4.1.1. | **လေ့လာမည့်နယ်မြေဧရိယာနှင့် ကန့်သတ်ချက်များကို အစီပွါယ်ဖွင့်ဆိုခြင်း** လေ့လာမှုဆိုင်ရာကန့်သတ်ချက်များကို သတ်မှတ်ထားပါသလား။ (ဥပမာ - လေ့လာမည့်နယ်မြေဧရိယာနှင့် နယ်နိမိတ်ဆိုင်ရာ ကန့်သတ်ချက်များ၊ ဖြစ်ပေါ်နိုင်သည့် တိုက်ရိုက် သို့မဟုတ် တဆင့်ခံ သက်ရောက်မှုများ၊ စီမံကိန်းဆိုင်ရာ ဆက်စပ်လုပ်ငန်းများ) | Essential | | | |
| 4.1.2. | ရူပဆိုင်ရာ၊ သက်ရှိဇီဝဆိုင်ရာ၊ လူမှုရေး၊ လူမှု-စီးပွားရေး၊ ယဉ်ကျေးမှုဆိုင်ရာနှင့် ရှုခင်းရှုကွက်များစသည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အခြေပြုအချက်အလက်များကို နိုင်ငံတကာအသိအမှတ်ပြုထားသော နည်းစနစ် သို့မဟုတ် နိုင်ငံအဆင့်နည်းစနစ်များကိုအသုံးပြု၍ ကောက်ယူစုဆောင်းခဲ့ပါသလား။ | Essential | | | Hint |
| 4.1.3. | ကောက်ယူခဲ့သည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အခြေပြုအချက်အလက်များ၏ တည်နေရာပြမြေပုံကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 4.1.4. | ကောက်ယူခဲ့သည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အခြေပြုအချက်အလက်များ၏ တည်နေရာပြ Coordinate အမှတ်များကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 4.1.5. | ကောက်ယူခဲ့သည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အခြေပြုအချက်အလက်များ၏ မြေပြင်အခြေအနေပြမှတ်တမ်းဓါတ်ပုံများကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 4.1.6. | အချက်အလက်ကောက်ယူမည့်နည်းလမ်းနှင့် ကောက်ယူမည့် အချက်အလက်များကို သတ်မှတ်ဖော်ထုတ်ခြင်း။ (ဥပမာ- အချက်အလက်များကို မည်သို့ကောက်ယူမည်၊ မည်သည့်နေရာ၊ မည်သည့်အချိန်တွင် ကောက်ယူမည်၊ မည်သည့်နည်းလမ်းအသုံးပြုမည်) | Essential | | | |
| 4.1.7. | **ကောက်ယူရရှိသည့် အချက်အလက်များကို အရည်အသွေးထိန်းချုပ်ခြင်း** အခြေပြုအချက်အလက်စုဆောင်းခြင်းနှင့် ဆန်းစစ်ခြင်းတွင် အသုံးပြုခဲ့သည့် နည်းစနစ်များ၊ နမူနာရယူသည့် လုပ်ထုံးလုပ်နည်းများနှင့် နမူနာကောက်ယူရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းကိရိယာများအပေါ် အခြေခံစဉ်းစားခြင်းဖြင့် ကောက်ယူရရှိသည့်အချက်အလက်များမှာ အရည်အသွေးပြည့်မီသည်ဟု ယူဆပါသလား။ | Dependent | | | Hint |
| 4.1.8. | **အခြေပြုအချက်အလက်များအား လက်ရှိကိန်းဂဏန်းများဖြင့် ဖော်ပြခြင်း** အဆိုပြုစီမံကိန်းမှာ လက်ရှိလုပ်ငန်းဆောင်ရွက်ဆဲဖြစ်ပြီး ယခင်က အခြေပြုအချက်အလက်များကောက်ယူခဲ့သော်လည်း လက်ရှိအခြေအနေအား ထင်ဟပ်နိုင်ခြင်းမရှိပါက အဆိုပါအခြေပြုအချက်အလက်များအား လက်ရှိကိန်းဂဏန်းအချက်အလက်များဖြင့် အစားထိုး | Dependent | | | Hint |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| | ပြင်ဆင်ဖော်ပြထားပါသလား။ | | | | |
| 4.2. | **ရူပပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအချက်များ** လေ့လာမှုအတွက် ရွေးချယ်ထားသော ရူပပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအချက်များနှင့် ၎င်းတို့အားရှင်းလင်းဖော်ပြသည့် အတိုင်းအတာတို့သည် လေ့လာမည့်နယ်မြေဧရိယာတွင် ၎င်းတို့၏ အရေးပါမှု သို့မဟုတ် အဖိုးတန်မှုကို ကိုယ်စားပြုသင့်သည်။ EMP အစီရင်ခံစာတွင် ဆိုးကျိုးသက်ရောက်မှုများအား ဖော်ထုတ်နိုင်ရေး အနည်းဆုံးအောက်ပါအချက်အလက်များ ဖော်ပြရမည်။ | | | | |
| 4.2.1. | မြေမျက်နှာသွင်ပြင်နှင့် ဘူမိသွင်ပြင်ဆိုင်ရာ | Essential | | | Hint |
| 4.2.2. | ဘူမိဗေဒနှင့် မြေဆီလွှာ | Essential | | | Hint |
| 4.2.3. | မိုးလေဝသဆိုင်ရာအချက်အလက်များ | Essential | | | Hint |
| 4.2.4. | ပတ်ဝန်းကျင် လေအရည်အသွေး | Essential | | | Hint |
| 4.2.5. | မြေအသုံးချမှုနှင့် ပိုင်ဆိုင်မှုများ | Essential | | | Hint |
| 4.2.6. | သဘာဝဘေးအန္တရာယ်များ | Essential | | | Hint |
| 4.2.7. | မြေပေါ်ရေဆိုင်ရာ ဇလဗေဒနှင့် အရည်အသွေး | Essential | | | Hint |
| 4.2.8. | မြေအောက်ရေဆိုင်ရာ ဇလဗေဒနှင့် အရည်အသွေး | Essential | | | Hint |
| 4.2.9. | ပတ်ဝန်းကျင်ရှိ ဆူညံသံနှင့်တုန်ခါမှု | Essential | | | Hint |
| 4.2.10. | မြေဆီလွှာအားညစ်ညမ်းစေမှု | Essential | | | Hint |
| 4.2.11. | နုန်းအနည်အနှစ် | Essential | | | Hint |
| 4.2.12. | အခြားသော ရုပ်ပိုင်းဆိုင်ရာအခြေအနေများ | Dependent | | | Hint |
| 4.3. | **သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်များ** လေ့လာမှုအတွက် ရွေးချယ်ထားသော သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်များနှင့် ၎င်းတို့အားရှင်းလင်းဖော်ပြသည့် အတိုင်းအတာတို့သည်လေ့လာမည့် နယ်မြေဧရိယာတွင် ယင်းတို့၏ အရေးပါမှု သို့မဟုတ် အဖိုးတန်မှုကို ကိုယ်စားပြုသင့်သည်။ EMP အစီရင်ခံစာတွင် ဆိုးကျိုးသက်ရောက်မှုများအား ဖော်ထုတ်နိုင်ရေး အနည်းဆုံး အောက်ပါအချက်အလက်များ ဖော်ပြရမည်။ | | | | |
| 4.3.1. | ရှားပါးသော၊ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်သောနှင့် ထိခိုက်လွယ်သော အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များ၏ ပေါကြွယ်ဝမှုနှင့် နေရာပျံ့နှံ့တည်ရှိမှုဆိုင်ရာအချက်များကို မြေပုံဖြင့် ထည့်သွင်းဖော်ပြထားပါသလား။ | Essential | | | |
| 4.3.2. | စီးပွားရေးဆိုင်ရာနှင့် ကျန်းမာရေး/ အစာအာဟာရဆိုင်ရာ တန်ဖိုးရှိ အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များအတွက် သီးခြားဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာအချက်အလက်များကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 4.3.3. | ထိခိုက်လွယ်သော ပတ်ဝန်းကျင်ဆိုင်ရာနေရာဒေသများ၊ နေရင်းဒေသများနှင့်ပတ်သက်သည့် အကြောင်းအရာဖော်ပြချက်များနှင့် မြေပုံများကို ထည့်သွင်းဖော်ပြထားပါသလား။ | Dependent | | | Hint |
| 4.3.4. | သဘာဝပေါက်ပင်များတည်ရှိမှုပြမြေပုံများကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 4.4. | **လူမှုစီးပွားဆိုင်ရာ အကြောင်းအချက်များ** လေ့လာမှုအတွက် ရွေးချယ်ထားသော လူမှုစီးပွားဆိုင်ရာ အကြောင်းအချက်များနှင့် ၎င်းတို့အားရှင်းလင်းဖော်ပြသည့် အတိုင်းအတာတို့ | | | | |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| | သည် လေ့လာမည့်နယ်မြေဧရိယာတွင် ယင်းတို့၏အရေးပါမှု သို့မဟုတ် အဖိုးတန်မှုကို ကိုယ်စားပြုသင့်သည်။ လူမှုစီးပွားဆိုင်ရာ အကြောင်းအချက်များတွင် သဘာဝဘေးအန္တရာယ်များကြုံတွေ့ရန် အလားအလာရှိသော လေ့လာမှုဧရိယာများအား ထည့်သွင်းဖော်ပြသင့်သည်။ EMP အစီရင်ခံစာတွင် ဆိုးကျိုးသက်ရောက်မှုများအား ဖော်ထုတ်နိုင်ရေး အနည်းဆုံးအောက်ပါအချက်အလက်များ ဖော်ပြရမည်။ | | | | |
| | **စီးပွားရေးဆိုင်ရာအချက်အလက်များ** | | | | |
| 1) | ဝင်ငွေနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း (ဥပမာ - ဝင်ငွေရရှိသည့် အဓိကအရင်းအမြစ်၊ လုပ်ငန်းပိုင်ဆိုင်မှု၊ မြေပိုင်ဆိုင်မှု၊ ဆင်းရဲနွမ်းပါးသောဒေသခံများ၊ အဓိကစက်မှုလုပ်ငန်းများစသည်ဖြင့်) | Essential | | | Hint |
| 2) | မြေအသုံးချမှု (ဥပမာ - မြေအသုံးချမှုပုံစံ၊ မြေအသုံးချမှုပြမြေပုံ) | Essential | | | Hint |
| 3) | အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုလုပ်ငန်းများ (ဥပမာ - အုပ်ချုပ်မှုနယ်ပယ်သတ်မှတ်ချက်၊ အများပြည်သူသုံး အခြေခံအဆောက်အအုံများစသည်ဖြင့်) | Essential | | | Hint |
| 4) | အနာဂတ်တွင် အကောင်အထည်ဖော်မည့် စီမံကိန်းဧရိယာအနီးရှိ အခြားစီမံကိန်းများ | Essential | | | Hint |
| | **လူမှုရေးဆိုင်ရာ အချက်အလက်များ** | | | | |
| 5) | လေ့လာသည့်ဧရိယာအတွင်းရှိ အခြေခံမွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာအချက်အလက်များ (ဥပမာ - အိမ်ထောင်စုအရေအတွက်နှင့် အိမ်ထောင်စုအရွယ်အစား၊ တိုင်းရင်းသားမျိုးနွယ်စုများ၊ စာတတ်မြောက်မှုနှင့် အတန်းပညာသင်ကြားတတ်မြောက်မှုအဆင့်စသည်ဖြင့်) | Essential | | | Hint |
| | **ကျန်းမာရေးဆိုင်ရာအချက်အလက်များ** | | | | |
| 6) | မွေးဖွားခြင်းနှင့် သေဆုံးခြင်း | Essential | | | Hint |
| 7) | ရောဂါဖြစ်ပွားမှု (ဒေသတွင်းဖြစ်ပွားလေ့ရှိသည့် ရောဂါများအပါအဝင်) | Essential | | | Hint |
| 8) | လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ (ဥပမာ- Chlamydia၊ HIV/ AIDS၊ ကာလသားရောဂါ၊ အသည်းရောဂါ) | Essential | | | Hint |
| 9) | မြေနှင့် မိလ္လာဆိုင်ရာအချက်အလက်များ (ဥပမာ - မိလ္လာစီမံခန့်ခွဲမှုစနစ်၊ ရေရရှိမှုနှင့် ရေအရည်အသွေး) | Dependent | | | Hint |
| 10) | ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများ | Essential | | | Hint |
| 11) | မိရိုးဖလာကျန်းမာရေးဆိုင်ရာ အလေ့အထများ | Dependent | | | Hint |
| | **လူနေထိုင်မှုဆိုင်ရာအခြေအနေများ** | | | | |
| 12) | လူနေအိမ်များ၏ အရွယ်အစားနှင့်ပုံစံများ | Essential | | | Hint |
| 13) | လျှပ်စစ်မီးရရှိနိုင်မှုအခြေအနေ (မဟာဓာတ်အားလိုင်း သို့မဟုတ် အခြား လျှပ်စစ်ရင်းမြစ်နှင့် ချိတ်ဆက်ထားမှု၊ လျှပ်စစ်မီးရရှိသည့် အိမ်ထောင်စု အရေအတွက်နှင့် ရာခိုင်နှုန်း)နှင့် ပေးဝေသည့်ရေအား ရရှိနိုင်မှု (အသုံးပြုသည့် အိမ်ထောင်စုအရေအတွက်နှင့် ရာခိုင်နှုန်း) | Essential | | | Hint |
| 14) | မပေါက်ကွဲသေးသည့် ဗုံးများတည်ရှိနိုင်မှု (UXO) (လိုအပ်မှသာ) | Essential | | | Hint |
| | **ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအချက်များ** | | | | |
| 15) | ကွင်းဆင်းလေ့လာစဉ် ယဉ်ကျေးမှုအရင်းအမြစ်များအားလုံးကို သတ်မှတ်ဖော်ထုတ်ထားပါသလား။ | Essential | | | Hint |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 16) | ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာနေရာနှင့် ဝိသေသလက္ခဏာများ | Essential | | | Hint |
| 17) | သမိုင်းဝင်ရှေးဟောင်းဒေသများနှင့် သိပ္ပံဆိုင်ရာတန်ဖိုးမြင့်ဒေသများ | Essential | | | Hint |
| 18) | အခြားယဉ်ကျေးမှုအမွေအနှစ်များ (ဥပမာ - ခရီးသွားလုပ်ငန်းဇရိယာ၊ ဘာသာရေးနေရာများ၊ ရိုးရာဓလေ့အသိပညာများ စသည်ဖြင့်) | Dependent | | | Hint |
| | **မြင်ကွင်းဆိုင်ရာ အကြောင်းအချက်များ** | | | | |
| 19) | စီမံကိန်းနှင့်သက်ဆိုင်သည့် မြေယာရှုခင်း၊ မြို့ပြရှုခင်းနှင့် ပင်လယ်ရှုခင်းများစသည့် မြင်ကွင်းဆိုင်ရာအကြောင်းအချက်များကို သတ်မှတ်ဖော်ထုတ်ထားပါသလား။ | Dependent | | | Hint |
| 20) | အထက်ပါအခြေပြုအချက်အလက်များတွင် စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုများမစတင်မီ ပေါ်ပေါက်နိုင်သည့် ပြောင်းလဲမှုများရှိပါက ၎င်းတို့နှင့်ပတ်သက်၍ ဖော်ထုတ်တင်ပြထားပါသလား။ | Dependent | | | Hint |
| 21) | စီမံကိန်းဧရိယာတွင် မျက်စိပသာဒဆိုင်ရာတန်ဖိုးမြင့်သော နေရာများ၊ အဆောက်အဦများနှင့် အရာဝတ္ထုများရှိပါသလား။ | Dependent | | | Hint |
| | **အပိုင်း(၄) အတွက် ခြုံငုံသုံးသပ်ချက်** | | | | |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 5. | **ထိခိုက်မှုဆန်းစစ်ခြင်းနှင့် လျော့ပါးစေရေး နည်းလမ်းများ** | | | | |
| 5.1. | **ထိခိုက်မှုဆန်းစစ်သည့် နည်းစနစ်နှင့် ချဉ်းကပ်ပုံ** | | | | |
| 5.1.1. | ထိခိုက်မှုများကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ဆန်းစစ်ခြင်းအတွက် အသုံးပြုသည့် ချဉ်းကပ်နည်းများနှင့် နည်းစနစ်များသည် ကြောင်းကျိုး ညီညွတ်ပြီး ခိုင်မာကာ ဆင့်ကဲပွားယူနိုင်သော နည်းစနစ်များဖြစ်ပါသလား။ | Essential | | | |
| 5.1.2. | ထိခိုက်မှုဆန်းစစ်သည့်နည်းစနစ်တွင် ကောင်းကျိုးနှင့် ဆိုးကျိုး သက်ရောက်မှု၊ တိုက်ရိုက်နှင့် သွယ်ဝိုက်သက်ရောက်မှု၊ ပြန်ပြင်နိုင်/ ပြန်မပြင်နိုင်သော သက်ရောက်မှု၊ စုပေါင်းသက်ရောက်မှုစသည်တို့ကို ထည့်သွင်းစဉ်းစားထားပါသလား။ | Essential | | | |
| 5.1.3. | ထိခိုက်ခံရနိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာအကြောင်းအရာများအပေါ် စီမံကိန်းနှင့် အကွာအဝေးအတိုင်းအတာနှင့် အချိန်အတိုင်းအတာ၊ ထိခိုက်မှုများ၏ သဘောသဘာဝတို့ကို ဖော်ပြထားပါသလား။ | Essential | | | |
| 5.2. | သက်ရောက်မှုဆန်းစစ်ခြင်းအား သတ်မှတ်ဖော်ထုတ်ခြင်း၊ ထိခိုက်မှု ပမာဏနှင့် လိုက်နာဆောင်ရွက်မှုနှင့် လျှော့ချမည့်နည်းလမ်းများ | | | | |
| 5.2.1. | **သက်ရောက်မှုများကို သတ်မှတ်ဖော်ထုတ်ခြင်း**<br>သက်ရောက်မှုများကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ဆန်းစစ်ခြင်းကို အောက်ပါအဆင့်များနှင့်အညီ ဖော်ပြထားပါသလား-<br>- ထိခိုက်မှုများအား သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ဆန်းစစ်ခြင်း၊ အကြံပြုထားသော လျော့ပါးစေရေးနည်းလမ်းများနှင့် ကြွင်းကျန်သက်ရောက်မှုများကို စုပေါင်း၍အကျဉ်းချုပ်ဖော်ပြခြင်း၊<br>- စီမံကိန်းအဆင့်တစ်ခုချင်းစီအလိုက် ထိခိုက်မှုများနှင့် လျော့ပါးစေရေး နည်းလမ်းများအား ဖော်ပြချက် | Essential | | | |
| 5.2.2. | **ထိခိုက်မှုပမာဏ**<br>သက်ရောက်မှုရင်းမြစ်တစ်ခုချင်းစီ၏ ပမာဏများအား ရှင်းလင်းဖော်ပြထားပါသလား။ (ဥပမာ - ထိခိုက်စေနိုင်သော အချိန်ကာလအပိုင်းအခြား၊ ပြင်းထန်မှုနှင့် ထိခိုက်မှုဧရိယာတို့အပေါ်မူတည်၍ သက်ရောက်မှုရင်းမြစ် တစ်ခုချင်းစီ၏ပမာဏ) | Essential | | | |
| 5.2.3. | သက်ရောက်မှုရင်းမြစ်တစ်ခုချင်းစီ၏ ပြင်းအားများအား ရှင်းလင်းဖော်ပြထားပါသလား။ (ဥပမာ - ပြင်းထန်မှု၊ အဆိပ်အာနိသင်ရှိခြင်းနှင့် ဘေးအန္တရာယ်ဖြစ်စေသော ဂုဏ်သတ္တိများပါဝင်ခြင်း) | Essential | | | |
| 5.2.4. | **လိုက်နာဆောင်ရွက်မှုဆိုင်ရာ အကိုးအကားများ**<br>ကြွင်းကျန်သက်ရောက်မှုများသည် သက်ဆိုင်ရာ လမ်းညွှန်ချက်များ၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိပါကြောင်းအတည်ပြုထားသည့် ကတိကဝတ်များကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 5.2.5. | ကြွင်းကျန်သက်ရောက်မှုများသည် သက်ဆိုင်ရာလမ်းညွှန်ချက်၊ စံချိန်စံညွှန်း သို့မဟုတ် အခြားသက်ဆိုင်သည့်ဥပဒေများ၏ သတ်မှတ်ချက်ထက်ကျော်လွန်နေပါက ချိန်ညှိခြင်း၊ အခြားအစားထိုးနေရာတစ်ခုပြုလုပ်၍ ကုစားထိန်းညှိခြင်း (Offsets)၊ လျော်ကြေးပေးခြင်းတို့နှင့် ပတ်သက်၍ ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 5.3. | **သက်ရောက်မှုအမျိုးအစားနှင့် သိသာထင်ရှားမှုများအား ဆုံးဖြတ်ခြင်း** | | | | |
| 5.3.1. | **ရုပ်ပိုင်းဆိုင်ရာ အကြောင်းအချက်များအပေါ် သက်ရောက်မှုများ** | | | | |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 1) | မြေဆီလွှာ၏ ဝိသေသလက္ခဏာနှင့် ဘူမိသွင်ပြင်များအပေါ် သက်ရောက်နိုင်မှုအား ဆန်းစစ်ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 2) | မြေပေါ်ရေ၊ မြေအောက်ရေ၊ မြစ်ဝများ၊ ကမ်းရိုးတန်းရေပြင်များနှင့် အဏ္ဏဝါရေပြင်များ၏ ဇလဗေဒ၊ ရေအရည်အသွေးနှင့် ရေအသုံးပြုမှုများအပေါ် သက်ရောက်နိုင်မှုအား ဆန်းစစ်ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 3) | လေအရည်အသွေးနှင့် ရာသီဥတုအခြေအနေများအပေါ် သက်ရောက်နိုင်မှုအား ဆန်းစစ်ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 4) | ဆူညံသံနှင့် တုန်ခါမှုဆိုင်ရာ သက်ရောက်နိုင်မှုအား ဆန်းစစ်ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 5) | အပူ၊ အလင်းရောင် သို့မဟုတ် လျှပ်စစ်သံလိုက်လှိုင်းများနှင့်ပတ်သက်၍ သက်ရောက်နိုင်မှုအား ဆန်းစစ်ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 6) | ရာသီဥတုပြောင်းလဲမှုအပေါ် သက်ရောက်နိုင်မှုအလားအလာနှင့် ပတ်သက်၍ ဆန်းစစ်ဖော်ပြထားပါသလား။ (ဆိုလိုသည်မှာ သက်ဆိုင်ရာနိုင်ငံ့အာဏာပိုင် အဖွဲ့အစည်း သို့မဟုတ် နိုင်ငံတကာသုတေသနအဖွဲ့များမှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြိုတင်မှန်းဆချက်များအပေါ် အခြေခံ၍ စီမံကိန်းကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်နိုင်မှု၊ ကာဗွန်သိုလှောင်နိုင်စွမ်းဆုံးရှုံးခြင်းနှင့် ရာသီဥတုပြောင်းလဲမှုများကို တွက်ချက်ဖော်ပြထားပါသလား) | Dependent | | | Hint |
| 5.3.2. | **သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်များအပေါ် သက်ရောက်မှုများ** | | | | |
| 1) | ထိန်းသိမ်းရေးနယ်မြေများနှင့် ထိခိုက်လွယ်သောဒေသများအပေါ် သက်ရောက်နိုင်မှုအား ဆန်းစစ်ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 2) | အရေးကြီးဂေဟစနစ်များနှင့် ၎င်းတို့၏ နေရင်းဒေသများအပေါ် သက်ရောက်နိုင်မှုအား ဆန်းစစ်ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 3) | ရှားပါး၍ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်သော မျိုးစိတ်များအပေါ် သက်ရောက်နိုင်မှုအား ဆန်းစစ်ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 4) | လူ့အဖွဲ့အစည်းနှင့် စီးပွားရေးအတွက် အရေးပါသည့်မျိုးစိတ်များနှင့် ၎င်းတို့၏ နေရင်းဒေသများကို သတ်မှတ်ဖော်ထုတ်ထားပါသလား။ (ဥပမာ - ရေနေ/ ပင်လယ်နေငါး၊ ငှက်နှင့် တောရိုင်းတိရစ္ဆာန်မျိုးစိတ်များ စသည်ဖြင့်) | Dependent | | | Hint |
| 5) | သက်ရှိဇီဝဆိုင်ရာအရေးပါသည့် တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသများအပေါ် သက်ရောက်နိုင်မှုများကို ဆန်းစစ်ဖော်ပြထားပါသလား။ (ဥပမာ - သစ်တော၊ ရေတိမ်ဒေသ၊ စိမ့်မြေ၊ မြစ်၊ ကန်စသည်ဖြင့်) | Dependent | | | Hint |
| 5.3.3. | **လူမှုစီးပွားဆိုင်ရာ အကြောင်းအချက်များအပေါ် သက်ရောက်မှုများ** | | | | |
| 1) | လူဦးရေ၊ အစုအဖွဲ့များ၊ ပညာရေး၊ ထိခိုက်လွယ်သောအုပ်စုများ၊ တိုင်းရင်းသားလူနည်းစုများ၊ ကျား/မအုပ်စုများ၊ ဘာသာရေး၊ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာအသင်းအဖွဲ့များ၊ လူမှုရေးနှင့် လူမှုစီးပွားရေးအခြေအနေများအပေါ် သက်ရောက်နိုင်မှုအား ဆန်းစစ်ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 2) | စီမံကိန်းအတွက် လိုအပ်သောမြေသိမ်းဆည်းခြင်းနှင့် ဆန္ဒမပါဘဲ ပြန်လည်နေရာချထားမှုများကြောင့် သက်ရောက်မှုများအပေါ် လျှော့ချမည့်နည်းလမ်းများ ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 3) | မြေအသုံးချမှုနှင့် မြေယာပိုင်ဆိုင်မှုပုံစံအပြောင်းအလဲကြောင့် ဖြစ်ပေါ်လာနိုင်သည့်သက်ရောက်မှုကို ဆန်းစစ်ထားပါသလား။ | Dependent | | | Hint |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 4) | ပစ္စည်းပိုင်ဆိုင်မှုများနှင့် ပြန်လည်မဖြည့်တင်းနိုင်သော သယံဇာတအရင်းအမြစ်များ (ဥပမာ - ရုပ်ကြွင်းလောင်စာများ၊ သတ္တုများ) အပေါ် သက်ရောက်နိုင်မှုအား ဆန်းစစ်ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 5) | အလုပ်အကိုင်အခွင့်အလမ်းအပေါ် သက်ရောက်နိုင်မှုအား ဆန်းစစ်ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 6) | ဝင်ငွေ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ နေထိုင်မှုအခြေအနေ၊ ပြည်သူ့ရေးရာဝန်ဆောင်မှုနှင့် သဘာဝအရင်းအမြစ်များ ရရှိမှုအခွင့်အလမ်းများအပေါ် သက်ရောက်နိုင်မှုများကို ဆန်းစစ်ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 5.3.4. | **လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအပေါ် သက်ရောက်မှုများ** | | | | |
| 1) | လုပ်သားများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ အန္တရာယ်များအပေါ် ဆန်းစစ်ဖော်ပြထားပါသလား။ | Essential | | | |
| 2) | ဒေသခံပြည်သူများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ အန္တရာယ်များအပေါ် ဆန်းစစ်ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 5.3.5. | **ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအချက်များအပေါ် သက်ရောက်မှုများ** | | | | |
| 1) | ယဉ်ကျေးမှုအရအရေးပါသည့် နေရာဒေသများအပေါ် သက်ရောက်နိုင်မှုအား ဆန်းစစ်ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 2) | ကွင်းဆင်းလေ့လာစဉ် ယဉ်ကျေးမှုအရင်းအမြစ်များအားလုံးကို သတ်မှတ်ဖော်ထုတ်ထားပါသလား။ | Dependent | | | Hint |
| 5.3.6. | **မြင်ကွင်းဆိုင်ရာ အကြောင်းအချက်များအပေါ် သက်ရောက်မှုများ** | | | | |
| 1) | မြေယာရှုခင်း၊ မြို့ပြရှုခင်း၊ ပင်လယ်ရှုခင်းနှင့် ရှုခင်းကြည့်နေရာများစသည့်မြင်ကွင်းဆိုင်ရာအစိတ်အပိုင်းများအပေါ် တိုက်ရိုက်ထိခိုက်နိုင်မှုအား ဆန်းစစ်ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 5.4. | **ထိခိုက်မှုများကို လျော့ပါးစေရေးနည်းလမ်းများနှင့် စီမံခန့်ခွဲမှုအစီအစဉ်များ**<br>စီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများအား လျှော့ချနိုင်ရေးနှင့် စီမံခန့်ခွဲရေးအတွက် ဤအပိုင်းတွင် စီမံကိန်းအဆင့်တိုင်းအတွက် သင့်တော်သော လျော့ပါးစေရေး နည်းလမ်းများကို အဆိုပြုတင်ပြရမည်။ | | | | |
| 5.4.1. | **အထွေထွေ** | | | | |
| 1) | အမျိုးသားအဆင့် လမ်းညွှန်ချက်နှင့် စံချိန်စံညွှန်းများ သို့မဟုတ် နိုင်ငံတကာ စံချိန်စံညွှန်းများ သို့မဟုတ် Industry codes များနှင့်အညီ လျော့ပါးစေရေး နည်းလမ်းများအား လိုက်နာဆောင်ရွက်ထားပါသလား။ | Dependent | | | Hint |
| 2) | အဓိကအကျိုးသက်ရောက်မှုများအတွက် ထိန်းချုပ်ရေးနည်းလမ်းများအား ထည့်သွင်းစဉ်းစားထားပါသလား။ | Essential | | | |
| 3) | လျော့ပါးစေရေးနည်းလမ်းများ၏ ဒီဇိုင်း၊ အစီအစဉ်၊ စီမံခန့်ခွဲမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်နည်းလမ်းများအား ဖော်ပြထားပါသလား။ | Essential | | | |
| 4) | အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ (သက်ဆိုင်ပါက) ရပ်နားခြင်း/ ပိတ်သိမ်းခြင်း/ ပိတ်သိမ်းပြီးနောက် | Essential | | | |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| | စသည့် စီမံကိန်းလုပ်ငန်းအဆင့်တိုင်းအတွက် လျှော့ပါးစေရေး နည်းလမ်းများကို ထည့်သွင်းစဉ်းစားဖော်ပြထားပါသလား။ | | | | |
| 5) | အဆိုပြုထားသော လျှော့ပါးစေရေးနည်းလမ်းများကို အကောင်အထည်ဖော်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲအကန့်အသတ်များအား သတ်မှတ်ဖော်ထုတ်ထားပါသလား။ | Dependent | | | Hint |
| 5.4.2. | **ညစ်ညမ်းမှုထိန်းချုပ်ခြင်းနှင့် ကာကွယ်ခြင်း** | | | | |
| 1) | လေထုညစ်ညမ်းမှုထိန်းချုပ်ခြင်းနှင့် ကာကွယ်ခြင်းနည်းလမ်းများအား စဉ်းစားဆောင်ရွက်ထားပါသလား။ (ဥပမာ - ဖုန်မှုန့်၊ ယာဉ်/ယန္တရားနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ပစ္စည်းများမှထုတ်လွှတ်မှုများ၊ အက်စစ်မှုန်များနှင့် ဘေးအန္တရာယ်ရှိဓာတုပစ္စည်းများ၊ အခိုးအငွေ့များ၊ သတ္တုရိုင်းအရည်ကျိုခြင်းနှင့် သန့်စင်ခြင်းဆိုင်ရာလုပ်ငန်းများစသည် ဖြင့်) | Dependent | | | Hint |
| 2) | မြေအနေအထား မတည်ငြိမ်မှုနှင့် မြေဆီလွှာညစ်ညမ်းမှုအတွက် ထိန်းချုပ်ခြင်းနှင့် ကာကွယ်ခြင်းနည်းလမ်းများအား စဉ်းစားဖော်ပြထားပါသလား။ | Dependent | | | Hint |
| 3) | ဆူညံသံထွက်ရှိနိုင်မည့် ရင်းမြစ်တိုင်းအတွက် ဆူညံသံထိန်းချုပ်ခြင်း နည်းလမ်းများအား စဉ်းစားဖော်ပြထားပါသလား။ (ဥပမာ - ယာဉ်/ယန္တရားကြီးများ၊ တူးဖော်ခြင်း၊ သန့်စင်ခြင်း၊ ဖောက်ခွဲခြင်း စသည်ဖြင့်) | Dependent | | | Hint |
| 4) | တုန်ခါမှုဖြစ်ပေါ်နိုင်မည့် ရင်းမြစ်တိုင်းအတွက် တုန်ခါမှုထိန်းချုပ်ခြင်း နည်းလမ်းများအား စဉ်းစားဖော်ပြထားပါသလား။ (ဥပမာ - ယာဉ်/ယန္တရား ကြီးများ၊ တူးဖော်ခြင်း၊ သန့်စင်ခြင်း၊ ဖောက်ခွဲခြင်း စသည်ဖြင့်) | Dependent | | | Hint |
| 5) | ဘေးအန္တရာယ်ရှိ အမှိုက်များမှလွဲ၍ အခြားဘေးအန္တရာယ်ရှိပစ္စည်းများအား စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိမ်းဆည်းခြင်းနှင့် ကိုင်တွယ်ခြင်းနည်းလမ်းများအား စဉ်းစားထားပါသလား။ (ဥပမာ - ပေါက်ကွဲစေနိုင်သောပစ္စည်းများ၊ အက်စစ်များနှင့် အဆိပ်ဖြစ်စေနိုင်သောပစ္စည်းများ) | Dependent | | | Hint |
| 5.4.3. | **စွန့်ပစ်ပစ္စည်းနှင့် စွန့်ပစ်ရေစီမံခန့်ခွဲမှု** | | | | |
| 1) | **အစိုင်အခဲစွန့်ပစ်ပစ္စည်း**<br>အစိုင်အခဲစွန့်ပစ်ပစ္စည်းများအား စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိမ်းဆည်းခြင်း၊ ကိုင်တွယ်ခြင်းနှင့် စွန့်ပစ်ခြင်းဆိုင်ရာ နည်းလမ်းများ အား စဉ်းစားထားပါသလား။ | Essential | | | |
| 2) | အစိုင်အခဲစွန့်ပစ်ပစ္စည်းများအား နောက်ဆုံးစွန့်ပစ်မည့်နေရာများကို စဉ်းစား ဖော်ပြထားပါသလား။ | Essential | | | |
| 3) | **ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ**<br>ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိမ်းဆည်းခြင်းနှင့် ကိုင်တွယ်ခြင်းနည်းလမ်းများအား စဉ်းစားထားပါသလား။ | Dependent | | | Hint |
| 4) | ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား နောက်ဆုံးစွန့်ပစ်မည့်နေရာ များကို စဉ်းစားဖော်ပြထားပါသလား။ | Dependent | | | Hint |
| 5) | **စွန့်ထုတ်အရည်**<br>စွန့်ထုတ်အရည်များအား စုဆောင်းခြင်း၊ သိမ်းဆည်းခြင်း၊ သန့်စင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် စွန့်ပစ်ခြင်းနည်းလမ်းများအား စဉ်းစားထားပါ | Dependent | | | Hint |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| | သလား။ | | | | |
| 6) | အိမ်သုံးစွန့်ပစ်ရေအပါအဝင် စီမံကိန်းအစိတ်အပိုင်းအားလုံး၏ ထုတ်လွှတ်မှုများအားသန့်စင်နိုင်ရေး စွန့်ပစ်ရေသန့်စင်သည့်စနစ်ကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 7) | **စက်ဆီအကြွင်းအကျန်များ** လောင်စာ၊ စက်ဆီနှင့် ချောဆီများအား သိမ်းဆည်းခြင်း၊ ကိုင်တွယ်ခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာ နည်းလမ်းများကို စဉ်းစားဖော်ပြထားပါသလား။ | Dependent | | | Hint |
| 8) | **အပေါ်ယံမြေဆီလွှာ** အပေါ်ယံမြေဆီလွှာအား သေချာစွာဖယ်ရှားခြင်း၊ သိမ်းဆည်းခြင်းနှင့် ပြန်လည်အသုံးပြုမည့်နည်းလမ်းများကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 9) | **စွန့်ပစ်ကျောက်** စွန့်ပစ်ကျောက်စီမံခန့်ခွဲမှုအတွက် နည်းလမ်းများကို စဉ်းစားဖော်ပြထားပါသလား။ (ဥပမာ - တည်ဆောက်ရေးလုပ်ငန်းမှထွက်ရှိသည့် စွန့်ပစ်ကျောက်နှင့် သဲများအတွက်စီမံခန့်ခွဲမှု၊ သတ္တုလုပ်ငန်းများမှ အက်စစ်ရေစီးဆင်းခြင်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့စမ်းသပ်ရှာဖွေခြင်းလုပ်ငန်းများမှ စွန့်ပစ်သဲစီမံခန့်ခွဲမှု) | Dependent | | | Hint |
| 5.4.4. | **ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်း** | | | | |
| 1) | ကာကွယ်ထားသည့်ဧရိယာများ၊ အဓိကဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနယ်မြေများ၊ သဘာဝနှင့် အရေးကြီးနေရင်းဒေသများအား ရှောင်ရှားရေးနည်းလမ်းများကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 2) | ဇီဝမျိုးစုံမျိုးကွဲများ ထိန်းချုပ်ရေးစီမံချက်ကို ရေးဆွဲထားပါသလား။ | Dependent | | | Hint |
| 3) | တရားမဝင်သစ်ခုတ်ခြင်း၊ အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများအား ကာကွယ်ထိန်းသိမ်းမည့် နည်းလမ်းများကို ဖော်ထုတ်တင်ပြထားပါသလား။ | Dependent | | | Hint |
| 4) | ယာဉ်သွားလာမှုကြောင့် တောရိုင်းတိရစ္ဆာန်များအပေါ် ဆိုးကျိုးသက်ရောက်မှုများရှိနိုင်ပါက ယာဉ်သွားလာရေးနှင့် ဝင်/ ထွက်သွားလာမှုထိန်းချုပ်ခြင်းနည်းလမ်းများအား ထည့်သွင်းဖော်ပြထားပါသလား။ | Dependent | | | Hint |
| 5.4.5. | **စွမ်းအင်၊ ရေနှင့် ပြင်ပပစ္စည်းများအား ထိန်းသိမ်းအသုံးပြုခြင်း** | | | | |
| 1) | လျှပ်စစ်၊ စက်သုံးဆီလောင်စာများနှင့် အခြားစွမ်းအင်ရင်းမြစ်များအား ထိန်းသိမ်းဆောင်ရွက်မည့်နည်းလမ်းများကို စဉ်းစားဖော်ပြထားပါသလား။ | Dependent | | | Hint |
| 2) | ရေအား ပြန်လည်ပြုပြင်၍ အသုံးပြုခြင်းနှင့် ထိန်းသိမ်းဆောင်ရွက်ခြင်းနည်းလမ်းများကို စဉ်းစားဖော်ပြထားပါသလား။ | Dependent | | | Hint |
| 3) | ပြင်ပပစ္စည်းများ/ မြေစာများအား စီမံခန့်ခွဲခြင်းနှင့် အဆိုပါဧရိယာများအတွက် ပြန်လည်ထူထောင်ရေး နည်းလမ်းများအား စဉ်းစားဖော်ပြထားပါသလား။ | Dependent | | | Hint |
| 5.4.6. | **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး** | | | | |
| 1) | အမြဲတမ်းဝန်ထမ်းနှင့် ယာယီဝန်ထမ်းများအတွက် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနည်းလမ်းများအား ထည့်သွင်းစဉ်းစားထားပါသလား။ (ဥပမာ - လုပ်ထုံးလုပ်နည်းများ၊ ကျန်းမာရေးစစ်ဆေးမှု၊ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ၊ ဆေးပေးခန်း၊ | Essential | | | |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| | ဝန်ထမ်းများအားလုံးအတွက် OHS သင်တန်းပေးခြင်း၊ သင့်တော်သော လုံခြုံရေးကိရိယာများနှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးပစ္စည်း (PPE)၊ အရေးပေါ်အခြေအနေ တုန့်ပြန်ရေးလုပ်ထုံးလုပ်နည်းများ) | | | | |
| 5.4.7. | **လူမှုအဖွဲ့အစည်းဆိုင်ရာ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး** | | | | |
| 1) | ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများမှ ဒေသခံပြည်သူများအား ကာကွယ်နိုင်ရေး နည်းလမ်းများအား ထည့်သွင်းဖော်ပြထားပါသလား။ (ဥပမာ - လေနှင့် ရေညစ်ညမ်းမှု၊ ဆူညံသံနှင့် တုန်ခါမှု၊ မြေကျွံကျမှု၊ တည်ဆောက်ခြင်း/ လုပ်ငန်းလည်ပတ်ခြင်းတွင် အသုံးပြုသည့်ပစ္စည်း/ အဆောက်အအုံများပျက်စီးပြိုကျမှု၊ ယာဉ်အန္တရာယ်မတော်တဆဖြစ်မှု စသည်ဖြင့်) | Dependent | | | Hint |
| 2) | လူမှုရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများမှ ဒေသခံပြည်သူများအား ကာကွယ်နိုင်ရေး နည်းလမ်းများအား ထည့်သွင်းဖော်ပြထားပါသလား။ (ဥပမာ - အမျိုးသမီးနှင့်ကလေးသူငယ်များ လူကုန်ကူးခံရခြင်း၊ လိင်ပိုင်းဆိုင်ရာ ကူးစက်တတ်သောရောဂါများ၊ အရက်နှင့် မူးယစ်ဆေးဝါးအလွဲသုံးမှု၊ ကျား/ မ အကြမ်းဖက်မှုများစသည်ဖြင့်) | Dependent | | | Hint |
| 3) | ဒေသခံပြည်သူများအပေါ် ကျရောက်လာမည့် ဆိုးကျိုးများနှင့် ဘေးအန္တရာယ်များအား ရှောင်ရှားရန် သို့မဟုတ် လျော့ပါးစေရန် ကာကွယ်ရေးနှင့် အရေးပေါ်အခြေအနေဆိုင်ရာ ပြင်ဆင်ထားရှိမှုများ၊ လျော့ပါးစေရေးနည်းလမ်းများအား ဆန်းစစ်ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 5.4.8. | **လူမှုစီးပွားဆိုင်ရာ လျော့ပါးစေရေးနည်းလမ်းများ** | | | | |
| 1) | ဝင်ငွေနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ နေထိုင်မှုအခြေအနေ၊ ပြည်သူ့ရေးရာဝန်ဆောင်မှုနှင့် သဘာဝအရင်းအမြစ်များ ရရှိနိုင်မှုနှင့် စပ်လျဉ်း၍ ဒေသခံပြည်သူများအားကာကွယ်မည့် လျော့ပါးစေရေးနည်းလမ်းများကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 2) | ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မည့် နည်းလမ်းများကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 3) | မြေအသုံးချမှုနှင့် မြေပိုင်ဆိုင်မှုများအပေါ် သက်ရောက်နိုင်မှုများအတွက် လျော့ပါးစေရေးနည်းလမ်းများကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 4) | အရာဝတ္ထုများနှင့် ပြန်လည်မဖြည့်တင်းနိုင်သောသဘာဝသယံဇာတများ (ဥပမာ - ရပ်ကြွင်းလောင်စာ၊ သတ္တု) အပေါ် ထိခိုက်နိုင်မှုများအတွက် လျော့ပါးစေရေးနည်းလမ်းများကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 5) | ယာဉ်သွားလာရေးနှင့် ဝင်ထွက်သွားလာမှုထိန်းချုပ်ခြင်း နည်းလမ်းများအား ဖော်ပြထားပါသလား။ (လမ်းသွားလမ်းလာများအပေါ် ယာဉ်မတော်တဆ အန္တရာယ်ဖြစ်နိုင်ပါက ထည့်သွင်းဖော်ပြရန်) | Dependent | | | Hint |
| 6) | အခြားလူမှုရေးဆိုင်ရာ သက်ရောက်မှုများအတွက် သင့်လျော်သည့် လျှော့ချမည့်နည်းလမ်းများအား ဖော်ပြထားပါသလား။ (ဥပမာ - လူဦးရေ၊ အစုအဖွဲ့များ၊ ပညာရေး၊ ထိခိုက်လွယ်သောအုပ်စုများ၊ တိုင်းရင်းသားလူနည်းစုများ၊ ကျား/မအုပ်စုများ၊ ဘာသာရေး၊ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာအသင်းအဖွဲ့များစသည်ဖြင့်) | Dependent | | | Hint |
| 7) | စီမံကိန်းကမြေယာရယူခြင်းများအတွက် မြေသိမ်းဆည်းခြင်းနှင့် ပြန်လည် နေရာချထားခြင်းလုပ်ငန်းများကို စီမံခန့်ခွဲမည့်အစီအစဉ်အား ဖော်ပြထားပါသလား။ | Dependent | | | Hint |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 5.4.9. | **ယဉ်ကျေးမှုဆိုင်ရာအရင်းအမြစ်များအား ကာကွယ်ခြင်း** | | | | |
| 1) | ထိတွေ့ကိုင်တွယ်နိုင်သည့် ယဉ်ကျေးမှုအရင်းအမြစ်များအား ကာကွယ်ခြင်းနှင့် သက်ရောက်မှုများအားရှောင်ရှားခြင်းဆိုင်ရာ နည်းလမ်းများကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 2) | သက်ရောက်မှုများအတွက် ရှောင်ရှားမည့်နည်းလမ်းကို မဖော်ဆောင်နိုင်ပါက ထိတွေ့ကိုင်တွယ်နိုင်သည့် ယဉ်ကျေးမှုအရင်းအမြစ်များကို ရွှေ့ပြောင်းမည့်နည်းလမ်းများအား ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 3) | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း ရှာဖွေတွေ့ရှိနိုင်သော ပစ္စည်းများအတွက် မမျှော်လင့်ဘဲတွေ့ရှိမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ နည်းလမ်းများကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 5.4.10 | **မြင်ကွင်းဆိုင်ရာအရင်းအမြစ်များအား ထိန်းသိမ်းခြင်းနှင့် ကာကွယ်ခြင်း** | | | | |
| 1) | မြေယာမြင်ကွင်းများ၊ မြို့ပြရှုခင်းများ၊ အဏ္ဏဝါရှုခင်းများကဲ့သို့ မြင်ကွင်းဆိုင်ရာအရင်းအမြစ်များအား ထိန်းသိမ်းရန်နှင့် ကာကွယ်ရန် သင့်လျော်သောနည်းလမ်းများအား ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 5.5. | **ကြွင်းကျန်သက်ရောက်မှုများကို သတ်မှတ်ခြင်း**<br>လေ့လာမှုဆောင်ရွက်စဉ်အတွင်း သင့်တော်သော လျော့ပါးစေရေးနည်းလမ်းများကို ဖော်ထုတ်သတ်မှတ်နိုင်ခြင်းမရှိသဖြင့် ကျန်ရှိနေသည့် **ကြွင်းကျန်သက်ရောက်မှုများအတွက်** အစီရင်ခံစာတွင် မည်သို့ကိုင်တွယ်ဖြေရှင်းမည်ဖြစ်ကြောင်း မူဝါဒ သို့မဟုတ် အစီအစဉ်ကို ထည့်သွင်းဖော်ပြရမည်။ | | | | |
| 5.5.1. | **ကြွင်းကျန်သက်ရောက်မှုများနှင့် ဘေးအန္တရာယ်ရှိမှု** | | | | |
| 1) | ကြွင်းကျန်သက်ရောက်မှုများနှင့် အန္တရာယ်ဖြစ်နိုင်မှုများအား သတ်မှတ်ဖော်ထုတ်ထားပါသလား။ | Essential | | | |
| 2) | ကြွင်းကျန်သက်ရောက်မှုများ၏ **ပမာဏကို** သတ်မှတ်ဖော်ထုတ်ထားပါသလား။ (ဥပမာ - ထိခိုက်စေနိုင်သော အချိန်ကာလ အပိုင်းအခြားတစ်ခုအတွင်း ထိခိုက်မှုပမာဏ၊ ပြင်းထန်မှုနှင့် ထိခိုက်မှုဧရိယာစသည်ဖြင့်) | Dependent | | | Hint |
| 3) | ကြွင်းကျန်သက်ရောက်မှုများ၏ **ပြင်းအားကို** ဖော်ပြထားပါသလား။ (ဥပမာ - ပြင်းထန်မှု၊ အဆိပ်ဖြစ်နိုင်မှုနှင့် ဘေးအန္တရာယ်ရှိသော ဂုဏ်သတ္တိများပါဝင်ခြင်းစသည်ဖြင့်) | Dependent | | | Hint |
| 4) | ကြွင်းကျန်သက်ရောက်မှုများ၏ အခြားသော ဝိသေသလက္ခဏာများကို ဖော်ပြထားပါသလား။ (ဥပမာ - ကြာချိန်၊ အချိန်ကာလ၊ ပြန်ပြင်နိုင်မှု/ပြန်မပြင်နိုင်မှု၊ အတိုင်းအတာနှင့် ပမာဏစသည်ဖြင့်) | Dependent | | | Hint |
| 5) | ကြွင်းကျန်သက်ရောက်မှုများအား သက်ဆိုင်ရာလမ်းညွှန်ချက်များ၊ စံချိန်စံညွှန်းများပါ သတ်မှတ်ချက်များနှင့် နှိုင်းယှဉ်ဖော်ပြထားပါသလား။ | Dependent | | | Hint |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 5.6. | **ဘေးအန္တရာယ်ရှိမှု ဆန်းစစ်ခြင်း**<br>ဤလမ်းညွှန်ချက်တွင်ဖော်ပြထားသော ဘေးအန္တရာယ်ရှိမှုဆန်းစစ်ခြင်း ဟူသောအသုံးအနှုန်းမှာ စီမံကိန်းကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် သက်ရောက်မှုများဆိုင်ရာ သဘာဝဘေးအန္တရာယ်များနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ကြီးမားသော မတော်တဆမှုများနှင့် ပတ်သက်သည့်ဆန်းစစ်ခြင်းနှင့် လျော့ပါးစေခြင်းတို့အား ရည်ညွှန်းပါသည်။ မည်သည့်လေ့လာမှုမှ ဆောင်ရွက်ထားခြင်းမရှိသည့် စီမံကိန်းအသစ်များအတွက် ဤအခန်းတွင်ဖော်ပြထားသော အချက်အလက်များဖြင့် တိုင်ဆိုင်စိစစ်ရမည်။ | | | | |
| 5.6.1. | **နည်းစနစ်နှင့် ချဉ်းကပ်မှု** | | | | |
| 1) | ဘေးအန္တရာယ်ရှိမှုဆန်းစစ်ခြင်းနည်းလမ်းတွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြထားပါသလား။ (ဥပမာ - ဖြစ်ပေါ်နိုင်သည့်အန္တရာယ်များကို သတ်မှတ်ဖော်ထုတ်ခြင်း၊ အန္တရာယ်တစ်ခုချင်းစီ၏ ဖြစ်နိုင်ခြေစွမ်း၊ အန္တရာယ်တစ်ခုချင်းစီ၏ အဆိုးသတ်အခြေအနေကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း၊ ထိခိုက်ခံစားရနိုင်မှု၊ ဖြစ်နိုင်သောလျော့ပါးစေရေးနည်းလမ်းများ စသည်ဖြင့်) | Dependent | | | Hint |
| 5.6.2. | **သဘာဝဘေးအန္တရာယ်များနှင့် ဘေးအန္တရာယ်ရှိမှု** | | | | |
| 1) | ယခင်ကကြုံတွေ့ခဲ့သော သဘာဝဘေးအန္တရာယ်ဆိုင်ရာမှတ်တမ်းများနှင့် အန္တရာယ်ဖြစ်နိုင်သော ဘူမိဗေဒနှင့် လေထုအတွင်း အဖြစ်အပျက်များ အပေါ်အခြေခံ၍ သဘာဝဘေးအန္တရာယ်များ၏ အမျိုးအစားကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 2) | သဘာဝဘေးအန္တရာယ်များ၏ အကျိုးဆက်နှင့် ကြိမ်နှုန်းအားသိရှိနိုင်ရေး အနာဂတ်ရာသီဥတုပြောင်းလဲမှုအပေါ် ခန့်မှန်းတွက်ချက်မှုများကို ထည့်သွင်းစဉ်းစားထားပါသလား။ | Optional | | | Hint |
| 3) | သဘာဝဘေးအန္တရာယ်များ၏ ပျံ့နှံ့မှုပုံစံ၊ ကြိမ်နှုန်း၊ ကာလနှင့် ပြင်းအားများအား ခန့်မှန်းဖော်ပြထားပါသလား။ | Dependent | | | Hint |
| 4) | ထိခိုက်ပျက်စီးမှုများ၏ အတိုင်းအတာပမာဏ၊ ဖြစ်နိုင်ခြေရှိမှုတို့အား စီမံကိန်းသတ်မှတ်တည်နေရာ၊ စီမံကိန်းတွင်ပါဝင်သည့် အစိတ်အပိုင်းများ၏ ဒီဇိုင်းနှင့် နေရာချထားမှုနှင့် ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့အပေါ် ဆင့်ကဲသက်ရောက်နိုင်မှုတို့အပေါ်မူတည်၍ ဆန်းစစ်ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 5) | အန္တရာယ်ရှိနိုင်မှုအဆင့်များကို ခြုံငုံတွက်ချက်ပြီး လက်ခံနိုင်သော အဆင့်နှင့် နှိုင်းယှဉ်ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 6) | ဘေးအန္တရာယ်ဆိုင်ရာ ထိခိုက်မှုလျော့ပါးစေရေးနည်းလမ်းများအား သတ်မှတ်ဖော်ထုတ်ထားပါသလား။ | Dependent | | | Hint |
| 5.6.3. | **စက်မှုလုပ်ငန်းဆိုင်ရာ ဘေးအန္တရာယ်များ** | | | | |
| 1) | စီမံကိန်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သည့် စက်မှုလုပ်ငန်းဆိုင်ရာ ဘေးအန္တရာယ်များနှင့် ယင်းတို့၏ ပြင်းထန်မှုအဆင့် သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ဆန်းစစ်ခြင်းတို့ကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 2) | စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းအစိတ်အပိုင်းများနေရာချထားမှုအပေါ် သရုပ်ခွဲဆန်းစစ်ခြင်း၊ ဘေးအန္တရာယ်ရှိသော ပစ္စည်းများအား ကိုင်တွယ်အသုံးပြုခြင်းတို့ကို နမူနာလေ့လာမှုများ (Case studies)၊ စာတွေ့နှင့် | Dependent | | | Hint |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| | မီဒီယာတွေ့များအားပေါင်းစပ်ခြင်းမှတစ်ဆင့် စက်မှုလုပ်ငန်းဆိုင်ရာ ဘေးအန္တရာယ် အမျိုးအစားများကို သတ်မှတ်ဖော်ထုတ်ထားပါသလား။ | | | | |
| 3) | စက်မှုလုပ်ငန်းဆိုင်ရာ ဘေးအန္တရာယ်များနှင့် ဖြစ်ပွားနိုင်ခြေများသို့ ဦးတည်နိုင်သည့် အကြောင်းရင်းများနှင့် အကျိုးဆက်ဖြစ်ရပ်များအား သရုပ်ခွဲလေ့လာဖော်ပြထားပါသလား။ | Dependent | | | **Hint** |
| 4) | ဘေးအန္တရာယ်ပျံ့နှံ့သက်ရောက်မှုပုံစံများ၊ ကြိမ်နှုန်း၊ ကာလနှင့်ပြင်းအား များအပါအဝင် စက်မှုလုပ်ငန်းဆိုင်ရာ ဘေးအန္တရာယ်များ၏ ပြင်းထန်မှုအား သရုပ်ခွဲလေ့လာထားပါသလား။ | Dependent | | | **Hint** |
| 5) | ပျက်စီးမှုများ၏ ဖြစ်တည်မှု၊ ဖြစ်နိုင်ခြေရှိမှုတို့အား သတ်မှတ်ထားသော စီမံကိန်းတည်နေရာ၊ စီမံကိန်းအစိတ်အပိုင်းများ၏ နေရာချထားမှုနှင့် ဒီဇိုင်း၊ အနီးပတ်ဝန်းကျင်တွင်ထိတွေ့နိုင်သည့် လမ်းကြောင်းများ၊ ဒေသခံပြည်သူများနှင့် VEC တို့၏ တည်နေရာများနှင့် ဆိုးရွားစေသည့် အကြောင်းအရာများကို ထည့်သွင်းစဉ်းစားပြီး ပတ်ဝန်းကျင်ရှိ သဘာဝနှင့်လူမှုပတ်ဝန်းကျင်တို့အပေါ် ထိခိုက်နိုင်မှု အတိုင်းအတာပမာဏ များနှင့် ဖြစ်နိုင်ခြေများကို ဆန်းစစ်ဖော်ပြထားပါသလား။ | Dependent | | | **Hint** |
| 6) | အန္တရာယ်ဖြစ်နိုင်မှုများကို ခြုံငုံတွက်ချက်ပြီး လက်ခံနိုင်သောအဆင့်များ နှင့် နှိုင်းယှဉ်ဖော်ပြထားပါသလား။ | Dependent | | | **Hint** |
| 7) | ဘေးအန္တရာယ်ဆိုင်ရာ ထိခိုက်မှုလျော့ပါးစေရေးနည်းလမ်းများအား သတ်မှတ်ဖော်ထုတ်ထားပါသလား။ | Dependent | | | **Hint** |
| 5.6.4. | **ဘေးအန္တရာယ်စီမံခန့်ခွဲမှုနည်းလမ်းများနှင့် အရေးပေါ်တုန့်ပြန်မှုဆိုင်ရာ အစီအစဉ်များ** | | | | |
| 1) | ဘေးအန္တရာယ်ဖြစ်နိုင်ခြေများအား လျှော့ချနိုင်မည့် နည်းလမ်းများကို ဖော်ထုတ်နိုင်ရေး ဘေးအန္တရာယ်ဖြစ်နိုင်ခြေသရုပ်ခွဲဖော်ထုတ်ခြင်းကို ဆောင်ရွက်ထားပါသလား။ | Dependent | | | **Hint** |
| | **အပိုင်း(၅) အတွက် ခြုံငုံသုံးသပ်ချက်** | | | | |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 6. | **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များ** | | | | |
| 6.1. | **အထွေထွေ** | | | | |
| 1) | အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ ပိတ်သိမ်းပြီးနောက်အဆင့်များအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် စောင့်ကြပ်ကြည့်ရှုရေး အစီအစဉ်များကို ကဏ္ဍအလိုက်နှင့် အစီအစဉ်ခွဲများအလိုက် (sub-plans) ဖော်ပြထားပါသလား။ | Essential | | | |
| 2) | အဓိက EMP အစီရင်ခံစာတွင် ဖော်ပြထားသည့်အချက်များမှလွဲ၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များနှင့် အစီအစဉ်ခွဲများတွင် အောက်ပါအချက်များဖြင့် ဖော်ပြထားပါသလား။ (ဥပမာ - ရည်ရွယ်ချက်များ၊ ဥပဒေဆိုင်ရာလိုအပ်ချက်များ၊ အဖွဲ့အစည်းဆိုင်ရာတာဝန်ရှိမှုများ၊ လွှမ်းခြုံမြေပုံကြီးများ၊ လုပ်ငန်းခွင်အလိုက်မြေပုံများ၊ ဓာတ်ပုံများ၊ ကောင်းကင်ဓာတ်ပုံများ၊ ဂြိုလ်တုဓာတ်ပုံများ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်၊ စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ၊ စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များနှင့် ရန်ပုံငွေလျာထားချက်များ) | Essential | | | |
| 3) | EMP တွင်ဖော်ပြထားသည့် အစီအစဉ်များအား အကောင်အထည်ဖော်မည့် အချိန်ဇယားကို ဖော်ပြထားပါသလား။ | Essential | | | |
| 4) | အထူးထည့်သွင်းစဉ်းစားရမည့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရေး အစီအစဉ်ခွဲများအား ဖော်ပြထားပါသလား။ (ဥပမာ - ဆူညံမှု၊ တုန်ခါမှု၊ စွန့်ပစ်ပစ္စည်း၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ၊ စွန့်ပစ်ရေနှင့် မြေပေါ်စီးဆင်းရေ၊ လေအရည်အသွေး၊ အနံ့၊ ဓာတုပစ္စည်း၊ ရေအရည်အသွေး၊ တိုက်စားမှုနှင့် နုန်းအနည်ကျမှု၊ ဇီဝမျိုးစုံမျိုးကွဲ၊ လုပ်ငန်းခွင်ဆိုင်ရာနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ယဉ်ကျေးမှုအမွေအနှစ်၊ အလုပ်အကိုင်နှင့် လေ့ကျင့်သင်ကြားမှု စသည်ဖြင့်) | Dependent | | | Hint |
| 5) | **အရေးပေါ်တုန့်ပြန်မှုအစီအစဉ်** လုပ်ငန်းခွင်ဆိုင်ရာနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သည့်နည်းလမ်းများပါဝင်သော အရေးပေါ်တုန့်ပြန်မှုအစီအစဉ်ကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 6.2. | **EMP အား အကောင်အထည်ဖော်ဆောင်ရွက်ရန် ယေဘုယျအသုံးစရိတ်** | | | | |
| 6.2.1. | EMP အားအကောင်အထည်ဖော်ခြင်းအတွက် အသေးစိတ်ရန်ပုံငွေလျာထားချက်နှင့် ကုန်ကျစရိတ်များအား ခန့်မှန်းဖော်ပြထားပါသလား။ (ဥပမာ - လျှော့ချမည့်နည်းလမ်းများ၊ ဝန်ကြီးဌာန၏စစ်ဆေးမှုခံရန် ရန်ပုံငွေ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ စီမံကိန်းစီမံခန့်ခွဲရေးယူနစ် (Project Management Unit) နှင့် တည်ဆောက်ရေးကန်ထရိုက်တို့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ထမ်းများခန့်ထားခြင်း၊ ယာဉ်နှင့် ပစ္စည်းကိရိယာများဝယ်ယူခြင်းနှင့် နေထိုင်သွားလာရေး (Logistics) | Essential | | | |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| | ဆိုင်ရာ ကိစ္စရပ်များအတွက် ကုန်ကျစရိတ်များ) | | | | |
| 6.2.2. | လိုအပ်မည့်ရန်ပုံငွေအား လုံလောက်မှုရှိစေရေး ဆောင်ရွက်ထားရှိမည့် နည်းလမ်းများကို ထည့်သွင်းဖော်ပြထားပါသလား။ | Dependent | | | Hint |
| 6.2.3. | လျာထားရန်ပုံငွေအား အဆိုပြုစီမံကိန်း၏ အဆင့်အလိုက်ခွဲခြား ဖော်ပြထားပါသလား။ (ဥပမာ - အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ အပ်စပ်ပါက လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ ပိတ်သိမ်းပြီးနောက်အဆင့်များ) | Essential | | | |
| 6.2.4. | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ခြင်း အတွက် လုံလောက်သည့် ရန်ပုံငွေပမာဏကို စီမံကိန်းတွင်ပါဝင်သည့် ကဏ္ဍအလိုက်နှင့် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်များအလိုက် ခွဲခြား ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 6.2.5. | ဝန်ကြီးဌာနနှင့် အခြားအစိုးရဌာနများ ပုံမှန်လာရောက်စစ်ဆေးရာတွင် အသုံးပြုနိုင်ရေး လုံလောက်သည့်ရန်ပုံငွေကို ဖော်ပြထားပါသလား။ | Essential | | | |
| 6.2.6. | **သီးသန့်အစီအစဉ်ခွဲများ**<br>ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာကိစ္စရပ်များအတွက် လိုအပ်သော အောက်ပါအစီအစဉ်ခွဲများကို ဖော်ပြထားပါသလား။ | | | | |
| 1) | လေအရည်အသွေးစီမံခန့်ခွဲမှု | Dependent | | | Hint |
| 2) | စွန့်ပစ်ရေစီမံခန့်ခွဲမှု | Dependent | | | Hint |
| 3) | မြေပေါ်စီးဆင်းရေစီမံခန့်ခွဲမှု | Dependent | | | Hint |
| 4) | တိုက်စားမှုထိန်းချုပ်ခြင်းနှင့် ကာကွယ်ခြင်း | Dependent | | | Hint |
| 5) | အက်စစ်မိုင်းစီးဆင်းမှု (Acid Mine Drainage) အပါအဝင် စွန့်ပစ်မြေစာပုံစီမံခန့်ခွဲမှု | Dependent | | | Hint |
| 6) | ဆူညံသံနှင့် တုန်ခါမှု | Dependent | | | Hint |
| 7) | စွန့်ပစ်အစိုင်အခဲစီမံခန့်ခွဲမှု | Dependent | | | Hint |
| 8) | ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု | Dependent | | | Hint |
| 9) | ဘေးအန္တရာယ်ရှိ ပစ္စည်းများစီမံခန့်ခွဲမှု | Dependent | | | Hint |
| 10) | ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်း | Dependent | | | Hint |
| 11) | မြေဆီလွှာ၊ ရေနှင့် စွမ်းအင်ထိန်းသိမ်းခြင်း | Dependent | | | Hint |
| 12) | လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး | Dependent | | | Hint |
| 13) | လူမှုအဖွဲ့အစည်းဆိုင်ရာ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး | Dependent | | | Hint |
| 14) | ယဉ်ကျေးမှု အမွေအနှစ်များ | Dependent | | | Hint |
| 15) | မြေသိမ်းယူခြင်းနှင့် ပြန်လည်နေရာချထားခြင်း (သက်ဆိုင်ပါက) | Dependent | | | Hint |
| 16) | မိုင်းပိတ်သိမ်းခြင်းအစီအစဉ် | Dependent | | | Hint |
| 6.2.7. | **စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများနှင့် အထောက်အကူပြုအစီအစဉ်များ**<br>EMP အား အမှန်တကယ်အကောင်အထည်ဖော်နိုင်ရေး အောက်ဖော်ပြပါ စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများနှင့် အထောက်အကူပြုအစီအစဉ်များကို ဖော်ပြထားပါသလား- | | | | |
| 1) | အစီရင်ခံခြင်းဆိုင်ရာ လုပ်ငန်းစဉ် | Essential | | | |
| 2) | စာရင်းစစ်ခြင်း (စီမံကိန်းအစီအစဉ်ဖြင့်နှင့် ပြင်ပစာရင်းစစ်) (ဥပမာ - စာရင်းစစ်မည့်အချိန်ကာလ၊ အကြိမ်အရေအတွက်၊ တာဝန်ခံ စသည်ဖြင့်) | Essential | | | |
| 3) | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ် (ဥပမာ - ISO 14001) | Dependent | | | Hint |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 6.2.8. | **စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်** စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် အောက်ပါအချက်များကို ရှင်းလင်း တင်ပြထားခြင်း ရှိ မရှိ | | | | |
| 1) | အမှန်တကယ်ထိခိုက်မှုများကို ဆုံးဖြတ်ရန်၊ EMP ပါသတ်မှတ်ချက်များနှင့် ကုမ္ပဏီ၏ကတိကဝတ်များကို လိုက်နာဆောင်ရွက်ကြောင်း သေချာစေရန်၊ လျော့ပါးစေရေးနည်းလမ်းများ၏ ထိရောက်မှုကို ဆုံးဖြတ်ရန်နှင့် မျှော်လင့်မထားသည့်ထိခိုက်မှုများကို သတ်မှတ်ဖော်ထုတ်ရန်အတွက် ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များကို ဒီဇိုင်းရေးဆွဲထားပါသလား။ | Essential | | | |
| 2) | စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် စီမံကိန်း၏ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်ဆိုင်းခြင်းနှင့် ပိတ်သိမ်းခြင်းအဆင့်များအားလုံးကို လွှမ်းခြုံမှုရှိပါသလား။ | Essential | | | |
| 3) | စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းဆောင်ရွက်မည့်အစီအစဉ်များကို ဖော်ပြထားပါသလား။ | Essential | | | |
| 4) | လိုက်နာဆောင်ရွက်ရမည့် လွှမ်းမိုးနေသောပါရာမီတာများနှင့် စံနှုန်းများအပါအဝင် စောင့်ကြပ်ကြည့်ရှုရေးနည်းလမ်းများကို ဖော်ပြထားပါသလား။ | Essential | | | |
| 5) | စောင့်ကြပ်ကြည့်ရှုမည့် နေရာများအားဖော်ပြထားသည့် (၁:၁၀၀,၀၀၀) စကေးရှိ လွှမ်းခြုံမြေပုံကို ဖော်ပြထားပါသလား။ | Essential | | | |
| 6) | စီမံကိန်းပြင်ပ (အနီးဝန်းကျင်) စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့် နမူနာအချက်အလက်များကောက်ယူမည့် တည်နေရာများကို ဖော်ပြထားသည့် (၁:၂၀,၀၀၀) စကေးရှိ စီမံကိန်းလုပ်ငန်းခွင် နေရာချထားမှုပုံစံပြမြေပုံကို ဖော်ပြထားပါသလား။ | Essential | | | |
| 7) | စောင့်ကြပ်ကြည့်ရှုမည့် အကြိမ်ရေ | Essential | | | |
| 8) | နမူနာကောက်ယူခြင်းနှင့် ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများအတွက်လိုအပ်သော ပတ်ဝန်းကျင်ဆိုင်ရာကျွမ်းကျင်သူများ | Dependent | | | Hint |
| 9) | ကွင်းဆင်းတိုင်းတာရေး ပစ္စည်းများပြင်ဆင်ခြင်းအတွက် စံနှုန်းသတ်မှတ်ချက်များ (ဥပမာ - ကြိုတင်သန့်ရှင်းမှုပြုလုပ်ခြင်း၊ နမူနာသိမ်းဆည်းမည့်ပစ္စည်းများနှင့် ပစ္စည်းကိရိယာများအား စံကိုက်ချိန်ညှိခြင်း) | Optional | | | Hint |
| 10) | ဓာတ်ခွဲခန်းတွင်အသုံးပြုသည့် ဓာတ်ခွဲမှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများနှင့် ခွဲခြမ်းစိတ်ဖြာတွက်ချက်မှုဆိုင်ရာ နည်းစနစ်များ | Optional | | | Hint |
| 11) | မြေပြင်ကွင်းဆင်းတိုင်းတာခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်းတို့အတွက် အရည်အသွေးအာမခံချက်ရှိမှုနှင့် အရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ | Optional | | | Hint |
| 12) | အချက်အလက်များအား အဓိပ္ပါယ်ဖော်ထုတ်ခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ လုပ်ငန်းစဉ် | Essential | | | |
| 6.2.9. | **ဒေသခံပြည်သူများနှင့် စေ့စပ်ညှိနှိုင်းခြင်း၊ နစ်နာမှုဖြေရှင်းပေးရေး လုပ်ငန်းစဉ်နှင့် ဒေသဖွံ့ဖြိုးရေး** | | | | |
| 1) | စေ့စပ်ညှိနှိုင်းခြင်းကို ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းနည်းလမ်းမှတစ်ဆင့် ဆောင်ရွက်မည်ဖြစ်ကြောင်း | Essential | | | |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| | ဖော်ပြထားပါသလား။ | | | | |
| 2) | စီမံကိန်းတည်ဆောက်ရေးနှင့် လုပ်ငန်းလည်ပတ်ရေးအဆင့်တို့တွင် ကြုံတွေ့လာနိုင်သည့် မကျေနပ်ချက်များအား ဖြေရှင်းပေးနိုင်ရန် နစ်နာမှုဖြေရှင်းပေးရေးလုပ်ငန်းစဉ် (GRM) ကို ထူထောင်ထားပါသလား။ | Dependent | | | Hint |
| 3) | ဒေသခံပြည်သူများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရန် ဒေသဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲထားပါသလား။ (ဥပမာ - ကျန်းမာရေး၊ ပညာရေး၊ ရေရရှိမှု၊ လျှပ်စစ်နှင့် အလုပ်အကိုင်) | Dependent | | | Hint |
| 4) | **လူမှုဆိုင်ရာ စုပေါင်းတာဝန်ယူမှုမူဝါဒ (CSR)** ဒေသခံပြည်သူများဖွံ့ဖြိုးတိုးတက်ရေးအတွက် CSR အစီအစဉ် သို့မဟုတ် အသက်မွေးဝမ်းကြောင်း ပြန်လည်ထူထောင်ခြင်းအစီအစဉ်များကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 5) | CSR အစီအစဉ်အတွက် ရန်ပုံငွေခွဲဝေချထားမှုကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 6) | CSR လုပ်ငန်းများအကောင်အထည်ဖော်မည့် အခြားစီမံချက်များကို ဖော်ပြထားပါသလား။ | Dependent | | | Hint |
| 6.3. | **စီမံကိန်းအကောင်အထည်ဖော်စဉ်အတွင်း အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း** | | | | |
| 6.3.1. | စီမံကိန်းအကောင်အထည်ဖော်သည့် အဆင့်များအလိုက် အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းအချက်အလက် ထုတ်ပြန်ကြေညာခြင်း ယန္တရားအားဖော်ပြထားပါသလား။ (ဥပမာ - တည်ဆောက်ခြင်း၊ လည်ပတ်ခြင်း၊ ပိတ်သိမ်းခြင်းစသည့်အဆင့်များ) | Essential | | | |
| 6.3.2. | အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်တွင် သက်ဆိုင်ရာ ဆက်စပ်ပတ်သက်သူများအား သတ်မှတ်ဖော်ထုတ်ထားပါသလား။ | Essential | | | |
| 6.3.3. | ထိခိုက်လွယ်သောအုပ်စုများနှင့် လူနည်းစုများအတွက် သီးသန့်ဆွေးနွေးပွဲများကျင်းပခြင်းကဲ့သို့ သီးခြားနည်းလမ်းများအသုံးပြုပြီး တိုင်ပင်ဆွေးနွေးထားပါကြောင်း ဖော်ပြထားပါသလား။ | Essential | | | |
| 6.3.4. | တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းဆောင်ရွက်ခဲ့သည့် နည်းစနစ်များနှင့် လုပ်ထုံးလုပ်နည်းအား ဖော်ပြထားပါသလား။ | Essential | | | |
| 6.3.5. | စီမံကိန်းကြောင့် ထိခိုက်ခံစားရနိုင်ခြေရှိသော ပြည်သူများအပါအဝင် ဒေသခံပြည်သူများ၏ စိုးရိမ်မှုများနှင့် စီမံကိန်းအပေါ် ၎င်းတို့၏ ထင်မြင်ယူဆချက်များကို ဖော်ပြထားပါသလား။ | Essential | | | |
| 6.3.6. | တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့များနှင့်ပတ်သက်၍ သတ်မှတ်ဖော်ထုတ်ထားပါသလား။ | Essential | | | |
| 6.3.7. | တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းတွင် အစိုးရဌာနများ၊ PAPs များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ အကြံပြုချက်၊ သဘောထားမှတ်ချက်များအား ထည့်သွင်းစဉ်းစားပြီး မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသလား။ | Optional | | | Hint |
| 6.3.8. | စီမံကိန်းအဆိုပြုသူက အစိုးရဌာနများ၊ PAPs များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများအားတွေ့ဆုံ၍ စီမံကိန်းကြောင့်ဖြစ်ပေါ်မည့် ဆိုးကျိုးသက်ရောက်မှုများနှင့် အဆိုပါဆိုးကျိုးများအပေါ် လျှော့ချမည့် အစီအမံများအား ရှင်းလင်းတင်ပြထားပါသလား။ | Optional | | | Hint |
| 6.3.9. | အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းအစည်းအဝေး၏ အစည်းအဝေး | Optional | | | Hint |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| | မှတ်တမ်းအပါအဝင် ဆွေးနွေးဆုံးဖြတ်ချက်ရလဒ်များအား ဖော်ပြထားပါသလား။ | | | | |
| | **အပိုင်း(၆) အတွက် ခြုံငုံသုံးသပ်ချက်** | | | | |

| No | Items | Applicability | Page | Rating | Hint |
|---|---|---|---|---|---|
| 7. | **"နိဂုံးချုပ်နှင့် အကြံပြုချက်များ" အခန်း** သို့မဟုတ် ၎င်းနှင့် သက်ဆိုင်သော မည်သည့်အပိုင်းတွင်မဆို အောက်ပါအကြောင်း အရာများပါဝင်ခြင်း ရှိ မရှိ စိစစ်သုံးသပ်ရမည်- | | | | |
| 7.1. | **နိဂုံးချုပ်** | | | | |
| 7.1.1. | EMP အစီရင်ခံစာပါ အခန်းအားလုံး၏ အဓိကနိဂုံးချုပ်သုံးသပ်ချက်များကို ဖော်ပြထားပါသလား။ | Essential | | | |
| 7.1.2. | စီမံကိန်း၏အင်အားဖြင့် ဖြေရှင်းနိုင်ခြင်းမရှိသည့် ကြွင်းကျန်ပြဿနာများအား အသေးစိတ်ဖော်ထုတ်တင်ပြထားပါသလား။ | Essential | | | |
| 7.1.3. | စီမံကိန်းဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် သိသာထင်ရှားသည့်ဆိုးကျိုးမရှိဘဲ စီမံကိန်းကို အကောင်အထည်ဖော်နိုင်ခြင်း ရှိ မရှိ ကို ခြုံငုံသုံးသပ်ထားသည့် နိဂုံးချုပ်ဖော်ပြထားပါသလား။ | Essential | | | |
| 7.2. | **အကြံပြုချက်များ** | | | | |
| 7.2.1. | ကုန်ကျစရိတ်၊ အင်ဂျင်နီယာလုပ်ငန်း၊ ပတ်ဝန်းကျင်၊ လူမှုအသိုက်အဝန်းစသည့် ရှုထောင့်များမှသုံးသပ်ပါက EMP အစီရင်ခံစာ၏ နိဂုံးချုပ်နှင့် အကြံပြုချက်များအခန်းတွင် အဆိုပြုထားသော အကြံပြုချက်များသည် ကြောင်းကျိုးဆီလျော်မှုရှိပါသလား။ | Essential | | | |
| 7.2.2. | EMP အစီရင်ခံစာတွင် တင်ပြထားသော အချက်အလက်များကို စုဆောင်းရာတွင်လည်းကောင်း၊ လေ့လာဆန်းစစ်ရာတွင် လည်းကောင်း စီမံကိန်းအဆိုပြုသူ ကြုံတွေ့ခဲ့ရသည့် အခက်အခဲများနှင့်ပတ်သက်၍ ဖော်ပြထားပါသလား။ (ဥပမာ - နည်းပညာအခက်အခဲ သို့မဟုတ် အတတ်ပညာ/ အသိပညာ မရှိမှု) | Dependent | | | Hint |
| 7.2.3. | နိဂုံးချုပ်တွင် စီမံကိန်း၏အင်အားဖြင့် ဖြေရှင်းနိုင်ခြင်းမရှိသည့် ကြွင်းကျန်ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် အကြံပြုချက်များ ဖော်ပြထားပါသလား။ | Essential | | | |
| 7.2.4. | စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သော အခြေအနေများကို ရှင်းလင်းဖော်ပြထားပါသလား။ | Essential | | | |
| | **အပိုင်း(၇) အတွက် ခြုံငုံသုံးသပ်ချက်** | | | | |

**စိစစ်သုံးသပ်ချက်အကျဉ်းချုပ်**

တိုက်ဆိုင်စိစစ်ခဲ့သည့် အချက်များအားလုံးအပေါ် စိတ်ကျေနပ်မှုရှိပါသလား။ (ဆိုလိုသည်မှာ A သို့မဟုတ် B သို့မဟုတ် C ဖြစ်ပါသလား။)

○ Yes ◉ No

ရက်စွဲ မှတ်တမ်းတင်သူ

**တိုက်ဆိုင်စိစစ်သည့်အချက်များအပေါ် အဆင့်ခွဲခြင်း**

| အဆင့် | ရှင်းလင်းချက် |
|---|---|
| A | ယေဘုယျအားဖြင့် ကောင်းစွာဆောင်ရွက်ထားပြီး အရေးကြီးအချက်အလက်များ ကျန်ရစ်ခဲ့ခြင်း မရှိပါ။ (လိုအပ်ချက်၏ ၈၀-၁၀၀% ကိုလွှမ်းခြုံမိသည်။) |
| B | အရေးမပါသည့် အချို့သောအချက်များကျန်ရစ်ခြင်း၊ ပြည့်စုံလုံလောက်မှုမရှိခြင်းများမှလွဲ၍ စိတ်ကျေနပ်မှုရှိပါသည်။ (လိုအပ်ချက်၏ ၆၀-၈၀% ကိုလွှမ်းခြုံမိသည်။) |
| C | အချို့သောအချက်များကျန်ရစ်ခြင်း၊ မပြည့်စုံခြင်းများရှိသော်လည်း စိတ်ကျေနပ်မှုရှိရုံဖြစ်ပါသည်။ (လိုအပ်ချက်၏ ၄၀-၆၀% ကိုလွှမ်းခြုံမိသည်။) |
| D | အရေးကြီးအချက်များ ကျန်ရစ်ခြင်း၊ မပြည့်စုံခြင်းများကြောင့် စိတ်ကျေနပ်မှုမရှိပါ။ (လိုအပ်ချက်၏ ၂၀-၄၀% ကိုသာ လွှမ်းခြုံမိသည်။) |
| E | အရေးကြီးအချက်များ ကောင်းစွာဆောင်ရွက်ထားမှုမရှိခြင်း၊ လုံးဝဆောင်ရွက်မထားခြင်းများကြောင့် စိတ်ကျေနပ်မှု လုံးဝမရှိပါ။ (လိုအပ်ချက်၏ ၀-၂၀% ကိုသာ လွှမ်းခြုံမိသည်။) |
| N.A. | အဆိုပြုစီမံကိန်းနှင့် တိုက်ဆိုင်စိစစ်သည့်အချက်မှာ ဆီလျော်မှုမရှိပါ။ |